မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၂၇ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၇၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု

တံတားအရှည်ပေ ၃၆၀၊ အကျယ် ၇၂ ပေနှင့် ခွင့်ပြုတန်ချိန် တန် ၆၀ ရှိ ရန်ကုန်-မန္တလေးလမ်းမပေါ်မှ ပဲခူးမြစ်ကူးတံတားဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၆

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ပဲခူးမြို့ရှိ ပဲခူးမြစ်ကူးတံတားဖွင့်ပွဲ အခမ်းအနားကို အဆိုပါတံတားအနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကို တက်ရောက်အမှာစကားပြောကြား၍ တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

တက်ရောက်

အဆိုပါတံတားဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး(၁၂/၂၀၁၀)တွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၁၂/၂၀၁၀) ကျင်းပ

နေပြည်တော် မတ် ၂၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အစည်းအဝေး(၁၂/၂၀၁၀)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ပြန်လည်သုံးသပ်ဆွေးနွေး

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ကော်မရှင်ဖွဲ့စည်းပြီးချိန်မှစ၍ လိုအပ်သော နည်းဥပဒေများကို ရေးဆွဲစိစစ်ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဆက်လက်၍ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ လုပ်ငန်းဆောင်ရွက်မှုလွယ်ကူစေရန် လုပ်ငန်းလမ်းညွှန်များ ထုတ်ပြန်နိုင်ရေး၊ မဲဆန္ဒနယ်များ သတ်မှတ်နိုင်ရေးနှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် ဖွဲ့စည်းနိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးကြပြီး ဥက္ကဋ္ဌ ဦးသိန်းစိုးက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆောင်းပါးအညွှန်း

တကယ်တော့ ဒီမိုကရေစီဆိုတာ ကိုယ့်စိတ်တိုင်းကျ စည်းမဲ့ကမ်းမဲ့ လုပ်ချင်ရာ လုပ်ခွင့်ပေးထားတာမျိုး မဟုတ်ပါဘူး။ စည်းကမ်းရှိမှု၊ တာဝန်သိမှုနဲ့ လွတ်လပ်မှုကို ပူးတွဲကျင့်သုံးရတဲ့ ကျင့်စဉ်မျိုးသာ ဖြစ်ပါတယ်။ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို အထူးတလည် လေးစားလိုက်နာဆောင်ရွက်ရတဲ့ ဥပဒေနဲ့စပ်ယှဉ်သော ကျင့်စဉ်မျိုးသာ ဖြစ်ပါတယ်။

ဥပဒေဘက်တော်သားတစ်ဦး၏ ဆောင်းပါး
စာမျက်နှာ ၆-၇ တွင် ဖတ်ရှုနိုင်ပါသည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၂၇ ရက်)

သမိုင်းအစဉ်အလာကောင်းသည့် တပ်မတော်၏စွမ်းရည် နိုင်ငံတော်သစ်ဆီသို့ ဦးလည်မသုန် ဆက်လက်လှမ်းချီ

၂၀၁၀ခုနှစ် မတ်လ ၂၇ရက်နေ့(ယနေ့)သည် (၆၅)နှစ်မြောက် တပ်မတော်နေ့ဖြစ်ပြီး မြန်မာ့သမိုင်းမော်ကွန်းဝင် နေ့တစ်နေ့ဖြစ်သည်။

တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးခံယူချက်အဖြစ် ဦးထိပ်ပန်ဆင် ဆောင်ရွက်လျက်ရှိသည်။

ရှေးနှစ်ပေါင်းများစွာကတည်းကပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမသွေးချင်းများသည် အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်ခဲ့ကြသည်။ နယ်ချဲ့၏သပ်လျှိုသွေးခွဲမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲခဲ့ရပြီး မြန်မာနိုင်ငံတွင် နိုင်ငံ၏အချုပ်အခြာအာဏာ ထိခိုက်ဆုံးရှုံးခဲ့ရသောအန္တရာယ်ကို ကြိမ်ဖန်များစွာ ကြုံတွေ့ခဲ့ရသည့် သမိုင်းသင်ခန်းစာများရရှိခဲ့ကြသည်။ ယင်းကဲ့သို့သော သမိုင်းပေး သင်ခန်းစာများအရ ယနေ့ကာလတွင် အမျိုးသားနိုင်ငံရေးကဏ္ဍနှင့် မှန်ကန်သည့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးသည် အထူးအရေးကြီးပေသည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအုတ်မြစ်သည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဖြစ်ရာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိမှသာလျှင် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲနေမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည်လည်း တည်တံ့ခိုင်မြဲမည်ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်တွင် အရေးကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်ခဲ့ပေသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လွတ်လပ်ရေးရပြီးကတည်းက ပေါ်ပေါက်ခဲ့ရသည့် လက်နက်ကိုင်အဖွဲ့များကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာရန် စိတ်ကောင်းစေတနာကောင်းဖြင့် လက်ကမ်းကြိုဆိုခဲ့သည်။

တပ်မတော်က ဆောင်ရွက်ခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး (၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် စီမံကိန်းကြီး သုံးရပ်အတွက် တစ်နိုင်ငံလုံးတွင် ဖြည့်ဆည်းပေးခဲ့သည့် စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အခြေခံအဆောက်အအုံများသည် အနှစ် (၂၀)ကာလအတွင်း မကြုံစဖူး ထူးကဲစွာ အောင်မြင်မှုရခဲ့သည်မှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် အဓိကမဏ္ဍိုင်ကြီးသုံးရပ် မားမားမတ်မတ် လက်တွဲကြိုးပမ်းခဲ့ခြင်း၏ ရလဒ်ပင်ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာ၌ တိုင်းရင်းသားပြည်သူများသည် တပ်မတော်နှင့်အတူ လက်တွဲ၍ နိုင်ငံတော်သစ်ဆီသို့ ပေါင်းစည်းမှုစွမ်းအားဖြင့် ဦးလည်မသုန် ဆက်လက်လှမ်းချီကြရမည် ဖြစ်ပါကြောင်း (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✽ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✽ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၇-၃-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၆း၀၀ ၁။ မြဝတီအဖွင့်
၆း၀၅ ၂။ (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၉း၀၀ ၃။ မြဝတီအပိတ် နှုတ်ဆက်စကား
၉း၀၅ ၄။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၃၅)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ရှေ** မြင့်မြတ်၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-ဝိုင်း)
၁၃း၃၀ ၆။ သာသာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၂၀)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၂၀ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ လျှပ်တစ်ပြက်
၆း၃၀ ၁၃။ စားဖိုဆောင်ချစ်သူ
၆း၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၁၁)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လူရွှင်တော်စကား
၂၁။ အင်္ဂလိပ်စာသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၃၁) **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၁၃)

ဗီယက်နမ်-မြန်မာ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ-၂၀၁၀ ခင်းကျင်းပြသရေးနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ဗီယက်နမ်-မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ-၂၀၁၀ ခင်းကျင်းပြသရေးနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ Chat - rium Hotel ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၆

ဗီယက်နမ်-မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ-၂၀၁၀ (Vietnam- Myanmar International Trade Fair 2010) ခင်းကျင်းပြသရေးနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို မတ် ၂၅ရက် ညနေ ၃နာရီက ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးတို့က ဗီယက်နမ်-မြန်မာ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ-၂၀၁၀ ခင်းကျင်းပြသရေးနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ခင်းကျင်းပြသမည်

အဆိုပါကုန်စည်ပြပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ဧပြီ၃ရက်မှ ၆ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅နာရီအတွင်း မြန်မာနိုင်ငံ ထွက်ကုန်ပစ္စည်းများနှင့် ဗီယက်နမ်နိုင်ငံ ထွက်ကုန်ပစ္စည်းများကို ခင်းကျင်းပြသမည်ဖြစ်သည်။ ပြပွဲနေ့များတွင် နှစ်နိုင်ငံ လုပ်ငန်းရှင်များအကြား ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု တိုးမြှင့်ရေးနှင့် စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲများကိုလည်း ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူး သတိပြုသုံးစွဲရန်။

PEP ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၆

PEP ကျန်းမာပျော်ရွှင် အောင်မြင်သော မိသားစုဓာတ်ပုံပြိုင်ပွဲ (PEP Family Photo Contest 2010) ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ Traders Hotel ၌ Red Horse Industrial Group က စီစဉ်ကျင်းပခဲ့သည်။

ကျင်းပ

အခမ်းအနားတွင် Red Horse Industrial Group မှ Managing Director ဦးထွန်းထွန်းက PEP Family Photo Contest 2010 ဆု ရွေးချယ်ချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ PEP နို့မှုန့်ကို နယူးဇီလန်နိုင်ငံမှ နို့မှုန့်ကုန်ကြမ်းကို အသုံးပြုပြီး မြန်မာနိုင်ငံ၏ ဈေးကွက်နှင့်ကိုက်ညီမည့် Gram အရွယ်အမျိုးမျိုးနှင့် တစ်နိုင်ငံလုံးသို့ ထုတ်လုပ်ဖြန့်ချိ ရောင်းချပေးလျက်ရှိကြောင်း၊ မိမိတို့၏ Product (PEP နို့မှုန့်)ကို အဓိကစားသုံးသူများသည် မိသားစုများဖြစ်ကြ၍ စားသုံးသူမိသားစုများကို ဂုဏ်ပြုလိုသည့် ရည်ရွယ်ချက်ဖြင့် မိမိတို့လုပ်ငန်း၏ တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရရှိနိုင်ရန် ယခုကဲ့သို့ မိသားစုဘဝပျော်ရွှင်နေပုံကို ဖော်ကျူးမည့် ဓာတ်ပုံပညာနှင့် မိသားစုများ၏ စွမ်းဆောင်ရည် (Performance)များကို ဖော်ထုတ်ဂုဏ်ပြုလျက် PEP Family Photo Contest 2010 ကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထုတ်လုပ်ဖြန့်ဖြူး

PEP ၏ New Product နှင့်ပတ်သက်၍ နို့သောက်သည့် အလေ့အကျင့်ရှိပြီး ကိုယ်အလေးချိန် ကျစေလိုသူများအတွက် Skim Milk ကို ထပ်မံထုတ်လုပ်ထားပြီး အဆီဓာတ် အလွန်နည်းသည့်အတွက် အစာကို ပိုမိုကြေညက်စေ၍ လိုအပ်သည့် အာဟာရတန်ဖိုး အပြည့်အဝပါဝင်ပြီး မလိုအပ်သော ကယ်လိုရီကို လျှော့ချပေးကြောင်း။

Skim Milk တွင် ကယ်လ်ဆီယမ်ဓာတ် အပြည့်အဝပါ၍ အရိုးနှင့်သွားများကို ခိုင်မာသန်စွမ်းစေခြင်း၊ သွေးအတွင်း အဆီဓာတ်များသူများအတွက် အန္တရာယ်ကင်းသော နို့မှုန့်ဖြစ်ခြင်း၊ ထို့အပြင် အဆီထုတ်ထားသော နို့မှုန့်ဖြစ်သောကြောင့် အသက်ကြီးသူများ၊ ကျန်းမာရေးလိုက်စားသူများ၊ နာမကျန်း လူမမာများနှင့် အထူးသင့်လျော်အောင် နို့အစစ်မှ အထူးထုတ်လုပ်ထားသော Skim Milk ကို 20 gm အရွယ်အစားများဖြင့် မကြာမီ ထုတ်လုပ်ဖြန့်ဖြူးသွားမှာဖြစ်ကြောင်း၊ တိုက်ရိုက်မှာယူလိုပါက Red Horse Group ဖုန်း-၀၁-၅၄၀၁၂၄ နှင့် ၅၅၃၃၆၆ တို့သို့ တိုက်ရိုက်ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

ပေးအပ်

PEP Family Photo Contest 2010 အခမ်းအနားတွင် ဆုရရှိသူများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။(ဝဲပုံ)

(သတင်းစဉ်)

27-3 (02).pmd 1 3/27/2010, 2:19 AM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပဲခူးမြစ်ကူးတံတားဖွင့်ပွဲတွင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ရှေ့ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က တံတားတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက တံတား တည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူး၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ တိုင်းမှူး၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တာဝန်ရှိသူများသည် တံတားဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဒေသခံပြည်သူများနှင့်အတူ မှန်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ပက်ဖျန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းနှင့် တာဝန်ရှိသူများက တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများ သည် တံတားတည်ဆောက်ထားရှိမှုနှင့် ကြံ့ခိုင်မှုအခြေအနေတို့ကို တံတားပေါ်မှ ဖြတ်သန်းကြည့်ရှု စစ်ဆေးကြပြီး ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် ကြသည်။

ယခုဖွင့်လှစ်သည့် ပဲခူးမြစ်ကူးတံတား သည် ရန်ကုန်-မန္တလေး လမ်းမကြီး၏ မိုင်တိုင်အမှတ်(၄၉/၆)ရှိ ပဲခူးမြို့နယ် အတွင်း၌တည်ရှိပြီး တံတားအရှည်ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၇၂ပေနှင့် လူသွား လမ်းအကျယ်မှာ တစ်ဖက်လျှင် ခြောက်ပေ ပါရှိသည်။

တံတားအမျိုးအစားမှာ Foundation အုတ်မြစ်သံကူကွန်ကရစ် ဘိုးပိုင်အမျိုး အစား၊ အောက်ထည်မှာ Sub-Stucti သံကူ ကွန်ကရစ် တိုင်ထိပ်အုပ်နှင့် ကွန်ကရစ်တိုင် ဖြစ်ပြီး အပေါ်ထည်မှာ Super-Structure ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မနှင့် ကွန်ကရစ်ကြမ်းခင်းဖြစ်ကာ ယာဉ်တစ်စီး ချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ် ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ပဲခူးမြစ်ကူးတံတားကို ရောင်စုံမီးများဖြင့် ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ဩစတြေးလျ ဓနသဟာယနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီး Ms. Michelle Su-Wen Chan သည် ယနေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံ၍ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၊ နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ပူးပေါင်း ဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၃-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၆:၀၀ ၁။ (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၈:၃၀ ၂။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၉:၀၀ ၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၁၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁:၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၂၀ ၅။ Yan Can Cook
- ၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၈၃)
- ၁၃:၄၀ ၇။ ရောင်စုံရေးသီ တေးပန်းချီ
- ၁၃:၅၅ ၈။ အတီးပြိုင်ပွဲ
- ၁၄:၁၀ ၉။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
- ၁၄:၂၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၄:၃၅ ၁၁။ တပ်မတော်နေ့ဂုဏ်ပြု **ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းဖျော်ဖြေမှု အစီအစဉ်**
- ၁၄:၄၀ ၁၂။ International News
- ၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၄၅ ၁။ Myanmar National League MNL Cup(2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဥဿဘယူနိုက်တက် F.C နှင့် ဆောက်သမ်းမြန်မာ F.C)
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ ယဉ်တစ်ကိုယ်မယ် **လမင်းအိမ်** (ဒါရိုက်တာ- ခေတ်ဘုန်းမို)
- ၆:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား**(အပိုင်း-၂၂)
- ၇:၄၀ ၇။ ပြည်သူ့အတွက်တပ်မတော် **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု** (လယ်ယာ၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ပြန်ကြားရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၀)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၁၆)
- ၁၃။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၄။ အစီအစဉ်ပြီး၏။

တောင်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းဖွယ်

နေပြည်တော် မတ် ၂၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်း ရွာခဲ့ပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီ ဂရိတ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေး တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီ ဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ဒေသ များတွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ မြင်းခြံမြို့၊ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ဝဒသမ ၁၂လက်မနှင့် မချမ်းဘော မြို့တွင် ဝဒသမ ဝ၈လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ် အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၂၇ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်း တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မတ်လ နောက်ဆုံး ရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန် စီးပွားရေးလမ်းညွှန် ၂၀၁၀စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၆

နှစ်စဉ်ထုတ်ဝေလျက်ရှိသော ရန်ကုန် စီးပွားရေးလမ်းညွှန် (Yangon Business Directory)စာအုပ်ကို ထုတ်ဝေ ဖြန့်ချိလိုက်သည်။

ယင်းစာအုပ်တွင် ရန်ကုန် အပါ အဝင် နေပြည်တော်ပျဉ်းမနား၊ တောင်ငူ၊ ပြည်၊ အောင်လံ၊ ပဲခူး၊ ဘားအံ၊ မော် လမြိုင်၊ ထားဝယ်၊ မြိတ်၊ စစ်တွေ၊ ပုသိမ်၊ မအူပင်၊ မြောင်းမြ၊ ဟင်္သာတ၊ ဇလွန်မြို့ များနှင့် ယင်းမြို့တို့နှင့် ဆက်စပ်လျက် ရှိသော မြို့များအပါအဝင် မြန်မာပြည် အောက်ပိုင်း မြို့ပေါင်း ၃၁ မြို့တို့၏ စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် စီးပွားရေး ကြော်ငြာများကို အတွင်းရောင်စုံဖြင့် ရိုက်နှိပ်ဖော်ပြထားသည်။ **(အပေါ်ပုံ)**

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း တို့ကို ဖော်ပြထားသော လုပ်ငန်းအမျိုးအစားခေါင်းစဉ် ၈၀၀ ကျော်နှင့် လုပ်ငန်းလိပ်စာ အချက်အလက်ပေါင်း ၈၅၀၀၀ ကျော်တို့ကိုလည်း စုစည်း၍ ဖော်ပြထားသည်။

ရန်ကုန်စီးပွားရေးလမ်းညွှန်စာအုပ်ကို မြန်မာဘာသာနှင့်ထုတ်ဝေထားခြင်း ဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေးလုပ်ငန်းလိပ်စာအချက်အလက်များကို အသုံးပြု လွယ်ကူစေရန် မြန်မာအက္ခရာစဉ်နည်းဖြင့် စီစဉ်ဆောင်ရွက်ထားသည်။

ရန်ကုန်စီးပွားရေးလမ်းညွှန်ကို မှာယူလိုပါက အမှတ် ၁၄၅၊ ၃၆ လမ်း(လယ်) ကျောက်တံတားမြို့နယ် ဖုန်း-၂၅၃၂၈၅၊ ၂၅၀၁၂၁နှင့် အမှတ် ၄/၆-၂၄-၂၅ လမ်းကြား၊ ၆၂-၆၃ လမ်းကြား မြစန္ဒာလမ်းသွယ် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၂၀၀၊ ၀၉-၂၀၀၁၁၃၄၊ ၀၉-၆၅၀၁၁၃၄၊ ၀၉-၆၈၀၁၁၃၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြေါလထုတ် ငွေတာရီ မဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် မတ် ၂၆

မောင်မောင်သိုက်၏ ပန်းချီလက်ရာနှင့်အတူ မြင်းမူမောင်နိုင်မိုး၊ ညွှန့်ဝေ(ကသာ)၊ မောင်ယဉ်မှူး၊ ကို(တက္ကသိုလ်)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မောင်ဟေမာ၊ မောင်ဆွေငယ်၊ အံ့ပွား(စလေ)၊ တိုးဝေ၊ သိပ္ပံစိုးမြင့်နိုင်၊ အဖျောက်မြေမောင်ဆွေမွန်တို့၏ ရသစုံကဗျာပုံရိပ်များနှင့်အတူ တင်အောင်နီ၊ မြေဇာ၊ ငွေကြည်၊ သစ်ထွဏ်းတို့၏ ကာတွန်းလက်ရာများအပါအဝင် ရှင်ဉာဏ(ဖျာပုံ)၊ ချစ်စံဝင်း၊ မင်းယုဝေ၊ ဒေါက်တာ မတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ မောင်ခင်မင်(ဓနုဖြူ)၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ဗိုလ်ကလေးတင့်အောင်၊ မြတ်လေးမြင့်၊ စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၊ နိုင်ဇော်၊ မောင်စူးစမ်း၊ သာရဝေါစိုးကြည်၊ ကိုခန့်(သုတေသန)၊ ညောင်ဦးဖိုးချို၊ တက္ကသိုလ်စိုးယဉ်၊ လှဘုန်းအောင်၊ ကြည်လွင်၊ ဝွမ်းဖြူဇင်၊ သော်ဇင်သစ်၊ ရဲမာန်ခ၊ မောင်မြင့်နိုင်၊ မြင့်ဆွေ(မျက်စိအတု)၊ မောင်ကြည်သစ်ဦး၊ သက်နှင်းအောင်၊ ရဲမြင့်သိန်း (မွန်မြတ်စေတနာ)၊ ဒေါက်တာ ဦးစံတင်အောင်(ရွှေဘို)တို့၏ သုတရသဆောင်းပါးများ၊ ဖျာပုံလှမိုးနွယ်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ စန်းနီလာဝင်း၊ မောင်မြင့်ကြွယ်၊ နုပိုင်၊ ခင်မောင် အေး(မန္တလေး)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များကို နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည် ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ် (၁၈၁) ၃၂လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅) ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ ဆက်သွယ် မှာကြားဝယ်ယူဖတ်ရှုနိုင် ကြောင်းနှင့် VPP စနစ်ဖြင့်လည်း စာဖတ်သူထံ အရောက်ပို့စနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

27-3 (03).pmd 1 3/27/2010, 2:19 AM

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု

အမှတ်(၁) စက်မှုဝန်ကြီးဌာန ကောဒသမအကြိမ် ကံထူးရှင်ရွေးချယ်ပွဲကျင်းပ

နေပြည်တော် မတ် ၂၆

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ကောဒသမအကြိမ် ကံထူးရှင်ရွေးချယ်ပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် စတုဒိသာကျွေးမွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဦးအောင်သောင်းက ပထမကံထူးရှင် ငါးဦးအား စတင်ရွေးချယ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးများက ကံထူးရှင်ငါးဦးစီအား ရွေးချယ်ပေးကြပြီး ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက မဟာကံထူးရှင်များအား ရွေးချယ်ပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးများက ဈေးရောင်းပွဲတော် ခင်းကျင်းရောင်းချနေမှုနှင့် ဝန်ထမ်းမိသားစုများ ဝယ်ယူအားပေးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန ကံထူးရှင်ရွေးချယ်ပွဲကို ၁၉၉၉ ခုနှစ်မှစ၍ နှစ်စဉ် ကျင်းပပေးခဲ့ပြီး ယခု ကောဒသမအကြိမ်တွင် ဝန်ထမ်းများ သီချင်းဆိုပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပရာ ဝန်ထမ်းများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်အောင်ပွဲနေ့

* ဥဩ ဥဩ၊ တွန်သံနှောလျက်
လွမ်းမောဖွယ်လျှင်၊ နွေတေးရှင်လည်း
ဟိုပင်ထက်မှာ၊ သာကြီးသာ၏။

* အင်ကြင်းသရဖီ၊ ကံ့ကော်မည်သည့်
ရာသီစက်ဝန်း၊ ပွင့်သည့်ပန်းလည်း
ကြိုင်လျှမ်းဝေဖြာ၊ ရနံ့သာ၏။

* ဖူးစအသစ်၊ မြပုရစ်နှင့်
ရွက်သစ်ဝေဆာ၊ မြိုင်ဝနာလည်း
သာယာပုံဆန်း၊ နွေရိပ်လွှမ်း၏။

* အာကာဝေဟင်၊ မိုးကောင်းကင်လည်း
မြင်သူ့ရင်တွင်၊ လွမ်းရိပ်ထင်အောင်
ယှူငင်လှည့်ဖြား၊ တိမ်ရိပ်များနှင့်
ဖမ်းစားသည့်ပုံ၊ ရောင်မျိုးစုံ၏။

* သည်ချိန်ခါဝယ်၊
မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့
နိုးကြားသည့်စိတ်၊ မျိုးချစ်စိတ်ဖြင့်
ဖိနှိပ်လွှန်ကျူး၊ နယ်ချဲ့ရူးကို
ကံထူးတို့နေ၊ မြန်မာ့မြေမှ
ပြေးစေအမြန်၊ မောင်းထုတ်ဟန်နှင့်
တွန်းလှန် အောင်ပွဲ၊ ခြိမ့်ခြိမ့်သဲကို
ရင်ထဲခုတိုင်၊ မမေ့နိုင်သည်
နိုင်ငံ, ပြည်သူ့ ပွဲပေကို။ ။

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်-

သန်းထွန်းညို

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား UNDP ဌာနေကိုယ်စားလှယ်တွေ့ဆုံ

နေပြည်တော် မတ် ၂၆

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli သည် ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် ယခင်က ပူးပေါင်းဆောင်ရွက်ခဲ့သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ရေကောင်းရေသန့်ရရှိရေး၊ အာဟာရဖွံ့ဖြိုးတိုးတက်ရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ခုခံအားကျဆင်းမှု/ ကာလသားရောဂါတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပိုမိုတိုးချဲ့ ပူးပေါင်းဆောင်ရွက်သွားရန်နှင့် လက်ရှိစီမံချက်ဒေသများအပြင် အခြားဒေသများတွင်လည်း တိုးချဲ့ဆောင်ရွက်သွားကြရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Kaung Myat Myanmar Amateur Open Golf Championship 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ဆုရရှိကြသူများအား တွေ့ရစဉ်။
(ဂေါက်သီးအဖွဲ့ချုပ်)

Kaung Myat Myanmar Amateur Open Golf Championship 2010

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Kaung Myat Companies (KM Golf Centre) က အဓိက ကူညီပံ့ပိုးသော Kaung Myat Myanmar Amateur Open Golf Championship 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ကျင်းပသည်။

အကောင်းဆုံးရိုက်ချက်ဆု

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အမှုဆောင်နှင့် ရန်ကုန်ဂေါက်ကလပ် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခိုင်စိုးသာက နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best)ရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၁ ချက်ဖြင့်တတိယရရှိသော ရန်မျိုးအေး၊ စုစုပေါင်းရိုက်ချက် ၂၈၉ချက်ဖြင့် ဒုတိယရရှိသော စိုးမိုးဝင်းနှင့် စုစုပေါင်းရိုက်ချက် ၂၈၇ချက်ဖြင့် ပထမရရှိသော နေဗလဝင်းမြင့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် Kaung Myat Co., Ltd. Managing Director ဦးမောင်မောင်မြင့်က ပထမရရှိသော နေဗလဝင်းမြင့်အား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇ ချီးမြှင့်သော ဂုဏ်ပြုဆုကို ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပေးအပ်ချီးမြှင့်ရာ နေဗလဝင်းမြင့်က လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးအောင်လှဟန်က ရန်ကုန်ဂေါက်ကလပ်သို့ ဂုဏ်ပြုငွေနှင့် အမှတ်တရလက်ဆောင်ကို ပေးအပ်ရာ ရန်ကုန်ဂေါက်ကလပ် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခိုင်စိုးသာက လက်ခံသည်။

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် Kaung Myat Co.,Ltd. (KM Golf Centre) က အဓိကကူညီပံ့ပိုးပြီး ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)က ထပ်မံ၍ ပံ့ပိုးကူညီကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် News Watch (စောင့်ကြည့်)ဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၂၆

မန္တလေးဈေးချိုတော် ၂၄နာရီ လျှပ်စစ်မီးရရှိရေး စီစဉ်နေ၊ ဆားထုတ်လုပ်သူများ အိုင်အိုဒင်းပါဝင်မှု စံချိန်စံညွှန်းမပြည့်က အရေးယူမည်၊ ဖမ်းဆီးအရေးယူနေသည့်ကြားက တရားမဝင်အခွေဆိုင်များ လျော့ကျမသွား၊ သကြၤန်ခွင့်ပြုမဏ္ဍပ်များ ဒီဂျေသုံးစွဲခွင့်ပိတ်သည်ဆိုသည်မှာ မမှန်ကန်၊ မဟာသကြၤန်ရေကစားမဏ္ဍပ်နှင့် စပွန်ဆာကဏ္ဍ၊ ကြက်ဥမှ ထုတ်သည့် မြွေဆိပ်ဖြေဆေးဖြစ်နိုင်မည်၊ ရွှေရှမ်းကန်မှ စန္ဒရားဦးသိန်းမောင်၏ စန္ဒရားဖြေဖျော်ပွဲ၊ မြန်မာအပါအဝင် နိုင်ငံအချို့ ကုန်စည် ၂၅၁မျိုး ကင်းလွတ်ခွင့် ကိုရီးယားမှပေး၊ အိန္ဒိယနှင့် မြန်မာပူးပေါင်းပြီး အမေရိကန်ဒေါ်လာသန်း ၂၀ တန်ဖိုးရှိ အကြီးစားကုန်တင်ယာဉ် စက်ရုံတည်ဆောက်၊ မထသယာဉ်လိုင်းများ သကြၤန်မှာပုံမှန်ကားခနှင့်ပြေးဆွဲမည်၊ မထသအထူးယာဉ်လိုင်းသစ် အမှတ်၃၄ ပြေးဆွဲမည်၊ ဇင်ယော်နီရဲ့ ကံကောင်းချင်သူများအတွက် ဆောင်ရွက်နည်း၊ ဆရာစံဇာတ်ဘိုဂ်၏ ခုနစ်ရက်သားသမီးအဟော၊ Max Myanmar ကုမ္ပဏီမှ ယုံကြည်စိတ်ချရသော အရည်အသွေးမီဘိလပ်မြေရောင်းချမည်၊ ခိုးကူးခွေမဟုတ် ခိုးရောင်းမြန်မာဗီဒီယိုလေဆာပြားများကိစ္စ၊ အားကစားကလပ်တွေပေါ်ပေါက်ရေး ဘာတွေလိုအပ်သလဲ၊ နေတိုး ပန်းတစ်ပွင့်တောင်မှာ အနုပညာဒါနမပြုခဲ့ရလို့၊ ဝတ်မှုန်ရွှေရည် သရုပ်ဆောင်အဖြစ် အချိန်မတန်သေးတာလား၊ ဇာတ်မင်းသားမိုးမင်းနှင့် စာနယ်ဇင်းသမားတို့တွေ့ဆုံပွဲမှာ အဆိုတော်အိန်အိန်း ဗီဒီယို ၁၀ကားစာချုပ်ချုပ်၊ သေပြီးနောက် ကိုးကြိမ်ပြန်ရှင်လာသောကြောင်း၊ ဖုန်းပြောရင်း ကားမောင်းလာလို့ ချောက်ထဲကျခါနီးမှာ၊ မိုးလောက်ကြီးချစ်တယ် ဇာတ်လမ်းထဲက ပီတာဟို၊ ကိုရီးယားမှာ နာမည်ကြီးနေတဲ့ TVXQ စတဲ့ သတင်းအစုံအလင်နှင့် သိပ္ပံမောင်ဝ၊ လူထုစိန်ဝင်း၊ မောင်သန်းဆွေ(ထားဝယ်)၊ မောင်သာနိုး၊ မောင်ချစ်စု၊ ဝေယံဦး၊ ရဲလက်ာမော် စတဲ့ ထိပ်တန်းကလောင်များရဲ့ဆောင်းပါးများနှင့် News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ (၅)၊ အမှတ် (၃၅) ထွက်လာပြီဖြစ်သည်။ **(သတင်းစဉ်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝ တည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၃-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ မောရပရိတ်သုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	(၆၅)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၉:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၂)
၉:၃၀	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၄၀	အလင်း၄က်တို့တေးဖွဲ့သီ… မြို့မြောက်ဦးသို့ရည်
၁၀:၅၅	နှစ်စဉ်ဝင်ငွေတိုးစေဖို့ သစ်မွေးစိုက်ကြစို့
၁၁:၂၀	ဓာတ်တော်ဂြိုဟ်စေတီတော် ပန္နက်တင်မင်္ဂလာအခမ်းအနား
၁၁:၃၀	အနွေးထွေးဆုံး လက်တစ်စုံ
၁၁:၅၀	အမျိုးသားပြတိုက် မြန်မာ့အက္ခရာနှင့် လက်ရေးမူပြခန်း
၁၂:၁၀	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၁၂:၃၀	**ချစ်သောမြေ ချစ်သောရေ** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၂:၅၀	ကျောက်ဆစ်ထွင်းထု ပုံဖော်ပြု အနုမြတ်ပညာ
၁:၀၀	**ပရိတ်ကြီး (၁၁)သုတ်** (ဆရာတော် ဘဒ္ဒန္တ ဝါယမ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival (We Love You Michael-1)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၂)
၄:၁၀	ရှေးဟောင်းအမွေ ဆည်ကန်ရေ၊ စိမ်းစိုလန်းဖြာမြကန်သာ
၄:၂၅	ဓာတ်တော်ဂြိုဟ်စေတီတော် ပန္နက်တင်မင်္ဂလာအခမ်းအနား
၄:၃၀	တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် (ခိုင်မာတွဲလက် ရှေ့ဆက်ညီစေ)
၄:၄၅	နှစ်စဉ်ဝင်ငွေတိုးစေဖို့ သစ်မွေးစိုက်ကြစို့
၅:၀၅	အလင်း၄က်တို့တေးဖွဲ့သီ… မြို့မြောက်ဦးသို့ရည်
၅:၂၀	နွေဦး၏မွေ့သံစဉ်များနှင့်အတူ လိမ္မာယဉ်ကျေး ဗုဒ္ဓ၏ကလေးများ
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	သွားမယ်စားမယ် (NIPPON SUSHI)
၆:၄၅	Myanmar International
၇:၁၀	Fashion Music Festival (We Love You Michael-1)
၈:၀၀	MRTV-4 သတင်း
၈:၃၀	ရန်ကုန်မြင်ကွင်းကျယ် အကြိမ် (၁၁၀) မင်္ဂလာမဏ္ဍူ သဲပုံစေတီ ရွှေသင်္ကန်းကပ်လှူ ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်
၈:၅၅	သွားမယ်စားမယ် (NIPPON SUSHI)
၉:၂၅	Barclays Premier League (Birmingham Vs Arsenal)
၁၁:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၂)
၁၁:၅၅	Barclays Premier League (Bolton Vs Man U)
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၉:၂၅	Chelsea- Aston Villa	ESPN (Live)
	Birmingham - Arsenal	Star Sports (Live)
၁၁:၃၀	Tottenham - Portsmouth	Star Sports (SDD)
၁၁:၅၅	Bolton- Man U	ESPN (Live)

27-3 (04).pmd 1 3/27/2010, 2:19 AM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တရုတ် ဒုတိယသမ္မတ ဖင်လန်သို့ ရောက်ရှိ

တရုတ်ဒုတိယသမ္မတ ဇီကျင်ပင်းသည် အလည်အပတ်ခရီးစဉ်အဖြစ် ဖင်လန်နိုင်ငံ ဟယ်ဆင်ကီမြို့သို့ မတ် ၂၆ရက်က ရောက်ရှိလာကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဖင်လန်အရာရှိများက ပြောကြားသည်။

ဒုတိယမြောက်အောဝက်စ်လေယာဉ်တစ်စင်း အိန္ဒိယရရှိ

လေကြောင်းသတိပေးစနစ်နှင့် ထိန်းချုပ်ရေးစနစ်များပါရှိသည့် အောဝက်စ် စစ်ဘက်လေယာဉ်တစ်စင်းကို အစ္စရေးနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း အိန္ဒိယစစ်ဘက်က မတ် ၂၆ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်အနောက်မြောက်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း စင်ကျန်းအူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မတ် ၂၆ရက်က ရေနံသိုလှောင်ကန် မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း တရုတ်မီးသတ်တပ်ဖွဲ့အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

ဘရာဇီး၌ A(H1N1)ကြောင့် ၃၆ဦး ထပ်မံသေဆုံး

ဘရာဇီးနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇန်နဝါရီမှ မတ် ၂၆ရက်အထိA(H1N1) ရောဂါဖြင့် သေဆုံးသူဦးရေမှာ ၃၆ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဘရာဇီးကျန်းမာရေး အရာရှိများက သတင်းထုတ်ပြန်သည်။

ကမ္ဘောဒီးယား၌ ဆန်ပိုမိုထွက်ရှိမည်

ကမ္ဘောဒီးယားနိုင်ငံသည် နှစ်စဉ်ဆန်တိုးမြှင့်ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိရာ ယခုနှစ်၌ ဆန်တန်ချိန် ၃ဒသမ ၁သန်း အထိထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း ကမ္ဘောဒီးယားစိုက်ပျိုးရေး အရာရှိများက မတ် ၂၆ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်အနောက်တောင်ပိုင်း၌ ဓာတ်ငွေ့ပေါက်ကွဲ

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ကျောက်မီးသွေးတွင်းတစ်တွင်း၌ မတ် ၂၆ရက်၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်း ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများကျဆင်းလျက်ရှိရာ တရုတ်ရွှေဈေးကွက်တွင် မတ် ၂၆ရက်ဈေးပိတ်ချိန်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၉၂ ဒသမ ၃၁ ဒေါ်လာသာရှိခဲ့သည်ဟု တရုတ်အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်း ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများ ကျဆင်းလျက်ရှိရာ အမေရိကန်နယူးယောက်မြို့ဈေးကွက်တွင် မတ် ၂၆ရက်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၅၃ဒေါ်လာသာ ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှား အနောက်ဂျာဗား၌ ရေလွှမ်းမှု ဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မတ် ၂၆ရက်က ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ နေအိမ် ၁၅၀၀၀ခန့် ရေလွှမ်းခံရပြီး ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်ဟု အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။ (အင်တာနက်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနား လမ်းမတော်၌ကျင်းပ

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး (ထပ်ဆင့်ရှင်းလင်းပွဲ)အခမ်းအနားကို မတ် ၂၀ရက် နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး **(အပေါ်ပုံ)**ကအဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ နှစ်ပတ်လည် အစည်းအဝေးမှ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ ထုတ်ပေးသော အသေးစား မတည်ရင်းနှီးငွေ(ယာယီ ချေးငွေ) ငွေကျပ်ဆယ်သိန်းကို ရန်ကုန်တိုင်း အတွင်းရှိ ခရိုင်လေးခရိုင်သို့ ခရိုင်တစ်ခုလျှင် ငွေကျပ်၂၅၀၀၀၀ စီ ပြန်လည်ခွဲဝေပေးပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက ခရိုင်များသို့ အဝတ်အထည် ၁၂အိတ်အား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက ၂၀၀၉ခုနှစ်အတွင်း ကဏ္ဍအလိုက်လုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ နှစ်ပတ်လည် အစည်းအဝေး၏ ဦးတည်ချက်(၉)ရပ်နှင့် ၂၀၁၀ ခုနှစ်အတွက် ချမှတ်ပေးသည့် ရှေ့လုပ်ငန်းစဉ်(၁၀)ရပ်ကို ရှင်းလင်းသည်။

(ခရိုင် ပြန်/ဆက်)

မီးငြိမ်းသတ်နည်း အိမ်မဲ၌လက်တွေ့သရုပ်ပြ

အိမ်မဲ မတ် ၂၆

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မတ် ၁၄ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သောဝန်ထမ်းများ၊ ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် အဖွဲ့ဝင်ထမ်းများက လက်တွေ့ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအုံးကြိုင်နှင့်အဖွဲ့ဝင်များ ကြပ်မတ်ဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ်စည်ပင်)

ကျောက်ချောခင်း

ငါန်းဇွန်မြို့တွင်းလမ်း သဇင်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးဝင်းဗိုလ် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝင်းထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကနီမြို့နယ်စည်ပင် အုတ်ရေကန်တည်ဆောက်

ကနီ မတ် ၂၆

ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော အဖွဲ့ပိုင်ဈေးအတွင်း အများသုံးအုတ်ရေကန် တည်ဆောက်ပြီးစီးမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးတင့်လွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆိုင်က ရှင်းလင်းတင်ပြခဲ့သည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း မတ် ၁၀ရက်က ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် ဈေးမိဈေးဖများက ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာ၌ ဇီနိမှုစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ဖလမ်း မတ် ၂၆

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်မတည်ငွေနှင့် ဒေသခံစေတနာရှင်ပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်ထားသော ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာ ဇိနိမှုစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၃ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် မုခ်ဦးရှေ့၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ဟားခါးမြို့နယ် ဥက္ကဋ္ဌဦးဆွန်ခန့်ထန်းနှင့် ဖလမ်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမန်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်စေတနာရှင်ပြည်သူများက လှူဒါန်းသော သုတ၊ရသမဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံကို ပြည်နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပေးအပ်ကြရာ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များက လက်ခံယူပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

(ခရိုင် ပြန်/ဆက်)

ပုဏ္ဏားကျွန်းဘဝအလင်းရောင်စာကြည့်တိုက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်စာအုပ်လှူဒါန်း

ပုဏ္ဏားကျွန်း မတ် ၂၆

ပုဏ္ဏားကျွန်းမြို့နယ် နားချောင်းကျကျေးရွာ ကုဏ္ဍာလီဂါမလူငယ်ဘဝအလင်းရောင်စာကြည့်တိုက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စာအုပ်လှူဒါန်းပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲကို မတ် ၁၄ရက် မွန်းတည့် ၁၂ နာရီက အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက် တည်ထောင်သူ အသျှင်အာဒိစ္စ(ရန်ကုန်)က စာအုပ်စာစောင်များ လှူဒါန်းရာ စာကြည့်တိုက် ဥက္ကဋ္ဌ ဦးစံထွန်းလှက လက်ခံယူသည်။ ဆက်လက်ပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလှဘော်သူက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ကြရန် စည်းရုံးဟောပြောပြီး ငွေကျပ်တစ်သောင်းကို ငွေပဒေသာပင် စိုက်ထူရာ ဘဏ္ဍာရေးမှူး ဦးထွန်းသာလှက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဆွေ မတ် ၂၀ရက်က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် နန်းဦးဘုန်းကြီးကျောင်း၌ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့်ယာဉ်မောင်းလိုင်စင်ဖြေဆိုသူ ၂၅၀အား ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီမောင်းနှင်စေရန် လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများ အကြောင်း ပညာပေးဟောပြောစဉ်။ (ခရိုင် ကညန)

နောင်သမိုင်းကြောင်း မှောင်မိုက်မသွားရလေအောင် (၁)

ဥပဒေဘက်တော်သားတစ်ဦး

၂၀၁၀ ပြည့်နှစ်အတွင်းမှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေတွေနဲ့ သက်ဆိုင်ရာ နည်းဥပဒေတွေကို ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလို ထုတ်ပြန်ပြဋ္ဌာန်းပြီး နောက်မှာ ဒီဥပဒေတွေ၊ နည်းဥပဒေတွေနဲ့ ပတ်သက်ပြီး အမြင်အမျိုးမျိုး ရှုထောင့်အဖုံဖုံ အမျိုးစုံအောင် ဝေဖန်သုံးသပ်နေကြတာတွေ ကြားသိနေရပါတယ်။

တကယ်တော့ နိုင်ငံအသီးသီးရဲ့ လွှတ်တော်တွေဟာ သက်ဆိုင်ရာနိုင်ငံရဲ့ အရေးကိစ္စတွေကို ဆွေးနွေးဆုံးဖြတ်ကြတဲ့၊ အဓိကအရေးကြီးတဲ့ အဖွဲ့အစည်းတွေ ဖြစ်ကြပါတယ်။ နိုင်ငံအလိုက် နိုင်ငံအဆင့် လွှတ်တော်များရှိသလို ပြည်နယ်အဆင့် လွှတ်တော်များလည်း ရှိကြပါတယ်။ နိုင်ငံရဲ့ကံကြမ္မာ၊ ပြည်သူရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်တဲ့ အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းတွေဖြစ်တဲ့အတွက် နိုင်ငံတိုင်း၊ ပြည်သူတိုင်းက အလေးထားကြရပါတယ်။ ဒါကြောင့် ဒီလို လွှတ်တော်များနဲ့ သက်ဆိုင်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူရဲ့ ပကတိအရှိတရားနဲ့ ကိုက်ညီပြီး ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းနိုင်အောင် စနစ်တကျ အဘက်ဘက်က ချဉ်းကပ်သုံးသပ်စဉ်းစားပြီး ရေးဆွဲပြုစုပြဋ္ဌာန်းလေ့ရှိကြတာ အမှန်ပါပဲ။ ယခုမြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲနဲ့လွှတ်တော်ဆိုင်ရာ ဥပဒေတွေဟာလည်း နိုင်ငံတကာ တွေးခေါ်သုံးသပ် ချဉ်းကပ်မှုတွေ၊ နိုင်ငံတကာ စံနှုန်းတွေနဲ့အညီ ပြုစုပြဋ္ဌာန်းထားခြင်းဖြစ်တယ်ဆိုတာ တွေ့ရှိနိုင်ပါတယ်။

ဦးစွာပထမ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ကို တင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ရဲ့ ပုဒ်မ ၄၄၃မှာ "ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်" လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီပုဒ်မအရ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်သေးမီ ကာလအတွင်း အဲဒီအခြေခံဥပဒေနဲ့အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွေ ကျင်းပနိုင်ရေးအတွက် လိုအပ်သလို အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားပြီးဖြစ်ကြောင်း တွေ့ရှိနိုင်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက အသိအမှတ်ပြုထားတဲ့ တရားဝင်အစိုးရတစ်ရပ် ဖြစ်ပါတယ်။ ဒါကြောင့် တရားဝင်အစိုးရတစ်ရပ်အနေနဲ့ အခြေခံဥပဒေပုဒ်မ ၄၄၃က အပ်နှင်းထားတဲ့ အခွင့်အာဏာကို အသုံးပြုပြီး အခုလို ရွေးကောက်ပွဲနဲ့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေကို ထုတ်ပြန်ပြဋ္ဌာန်းလိုက်ခြင်းဟာ ပြည်တွင်း ဥပဒေတွေနဲ့ရော နိုင်ငံတကာ စံနှုန်းတွေနဲ့ပါ ပြည့်စုံညီညွတ်တယ်ဆိုတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေ နိဒါန်းမှာ "လွှတ်တော်များသို့ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို ကျင့်သုံးကြရာတွင် ကြီးကြပ်ပေးရန်နှင့် နိုင်ငံရေးပါတီများကိုလည်း ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃နှင့်အညီ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်" လို့ ရှင်းလင်းတိကျပြည့်စုံစွာ ဖော်ပြထားတာကို တွေ့နိုင်ပါတယ်။

တစ်ဆက်တည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)အခန်း(၁၀) နိုင်ငံရေးပါတီများ အခန်းပါ နိုင်ငံရေးပါတီများ ဖွဲ့စည်းခြင်းနဲ့ နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိခြင်း ပြဋ္ဌာန်းချက်တွေကို လေ့လာကြည့်မယ်ဆိုရင် ပုဒ်မ ၄၀၅ (က)မှာ "နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်" လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ပြီး လေးစားလိုက်နာတဲ့ ပါတီတိုင်းဟာ သတ်မှတ်ထားတဲ့ဥပဒေနဲ့အညီ ဖွဲ့စည်းမှတ်ပုံတင်ကြရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ အခန်း(၃) တာဝန်နှင့်လုပ်ပိုင်ခွင့်များအခန်းရဲ့ ပုဒ်မ ၈(ဠ) မှာ "နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ ကြီးကြပ်စေခြင်းနှင့် လမ်းညွှန်ခြင်း" ဆိုပြီး ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အဖြစ် ပြဋ္ဌာန်းထားပါတယ်။ ဒါဟာ နိုင်ငံရေးပါတီတွေကို မတရားသဖြင့် ကန့်သတ်ချုပ်ချယ်နိုင်ဖို့ ရည်ရွယ်ပြဋ္ဌာန်းထားတာမဟုတ်ဘဲ ဥပဒေနဲ့အညီ စနစ်တကျ ဖြစ်စေရန် ရည်ရွယ်ရင်းသာ ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာလည်း ရွေးကောက်ပွဲကော်မရှင်တိုင်းဟာ ရွေးကောက်ပွဲဝင်မယ့် နိုင်ငံရေးပါတီတွေရဲ့ လုပ်ဆောင်မှုကို ကြီးကြပ်ရတာ ထုံးစံပါပဲ။ အလားတူ နိုင်ငံရေးပါတီတွေအနေနဲ့ ဥပဒေပါအချက်တွေကို ဖောက်ဖျက်လာပါက လိုအပ်သလို အရေးယူနိုင်ဖို့အတွက် တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေ ပေးအပ်ထားရတာလည်း ထုံးစံပါပဲ။ အင်ဒိုနီးရှားနိုင်ငံမှာဆိုရင် နိုင်ငံရေးပါတီတွေကို ကြီးကြပ်ဖို့အတွက် ရွေးကောက်ပွဲကော်မရှင်အပြင် တရားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့ကိုပါ တာဝန်ပေးဆောင်ရွက်စေတာ တွေ့ရပါတယ်။

တကယ်တော့ ဒီမိုကရေစီဆိုတာ ကိုယ့်စိတ်တိုင်းကျ စည်းမဲ့ကမ်းမဲ့ လုပ်ချင်ရာ လုပ်ခွင့်ပေးထားတာမျိုးမဟုတ်ပါဘူး။ စည်းကမ်းရှိမှု၊ တာဝန်သိမှုနဲ့ လွတ်လပ်မှုကို ပူးတွဲကျင့်သုံးရတဲ့ ကျင့်စဉ်မျိုးသာ ဖြစ်ပါတယ်။ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို အထူးတလည် လေးစားလိုက်နာဆောင်ရွက်ရတဲ့ ဥပဒေနဲ့စပ်ယှဉ်သော ကျင့်စဉ်မျိုးသာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေနဲ့ ပတ်သက်ပြီးတော့ ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်နိုင်ဖို့၊ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနဲ့အညီဖြစ်အောင် ကြပ်မတ်နိုင်ဖို့အတွက် ရွေးကောက်ပွဲကော်မရှင်ကို ဒီလို ထိုက်သင့်တဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေ အပ်နှင်းရတာဟာ နိုင်ငံတကာစံနှုန်းအတိုင်းသာ ဖြစ်ပါတယ်။ ယခု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၈ မှာ ပေးအပ်ထားတဲ့ ကော်မရှင်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များဟာ ဒီမိုကရေစီရဲ့ အနှစ်သာရကို ထိခိုက်စေခြင်းမရှိဘဲ ဒီမိုကရေစီကျင့်စဉ်တွေကို စနစ်တကျ မှန်မှန်ကန်ကန်နဲ့ အနှစ်သာရရှိရှိ ကျင့်သုံးနိုင်ဖို့အတွက်သာ ဖြစ်တယ်ဆိုတာကို သုံးသပ်တွေ့ရှိရပါတယ်။

နောက်ပြီး အဲဒီကော်မရှင်ဥပဒေ ပုဒ်မ(၁၄)မှာ "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ်၊ ၁/၈၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်" လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ပုဒ်မ ၄၄၃အရ အပ်နှင်းထားတဲ့ အခွင့်အာဏာနဲ့အညီ

စာမျက်နှာ ၇ ကော်လံ ၁

တကယ်တော့ နိုင်ငံအသီးသီးရဲ့ လွှတ်တော်တွေဟာ သက်ဆိုင်ရာနိုင်ငံရဲ့ အရေးကိစ္စတွေကို ဆွေးနွေးဆုံးဖြတ်ကြတဲ့၊ အဓိကအရေးကြီးတဲ့ အဖွဲ့အစည်းတွေ ဖြစ်ကြပါတယ်။ နိုင်ငံအလိုက် နိုင်ငံအဆင့် လွှတ်တော်များရှိသလို ပြည်နယ်အဆင့် လွှတ်တော်များလည်း ရှိကြပါတယ်။ နိုင်ငံရဲ့ ကံကြမ္မာ၊ ပြည်သူရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်တဲ့ အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းတွေဖြစ်တဲ့အတွက် နိုင်ငံတိုင်း၊ ပြည်သူတိုင်းက အလေးထားကြရပါတယ်။ ဒါကြောင့် ဒီလိုလွှတ်တော်များနဲ့ သက်ဆိုင်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူရဲ့ ပကတိအရှိတရားနဲ့ ကိုက်ညီပြီး ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းနိုင်အောင် စနစ်တကျ အဘက်ဘက်က ချဉ်းကပ်သုံးသပ်စဉ်းစားပြီး ရေးဆွဲပြုစု ပြဋ္ဌာန်းလေ့ရှိကြတာအမှန်ပါပဲ။ ယခုမြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲနဲ့ လွှတ်တော်ဆိုင်ရာ ဥပဒေတွေဟာလည်း နိုင်ငံတကာတွေးခေါ်သုံးသပ် ချဉ်းကပ်မှုတွေ၊ နိုင်ငံတကာစံနှုန်းတွေနဲ့ အညီ ပြုစုပြဋ္ဌာန်းထားခြင်းဖြစ်တယ်ဆိုတာ တွေ့ရှိနိုင်ပါတယ်။

27-3 (06).pmd 1 3/27/2010, 2:19 AM

နိုင်ငံတိုင်းရဲ့ ရွေးကောက်ပွဲဆိုင်ရာဥပဒေတိုင်းမှာ အကျိုးသင့် အကြောင်းသင့် ကန့်သတ်ရတာ၊ ကြီးကြပ်ရတာ၊ ညွှန်ကြားရတာတွေ ရှိနေတာပါပဲ။ သက်ဆိုင်ရာ အစိုးရတွေအနေနဲ့ နိုင်ငံနဲ့ ပြည်သူ ရေရှည်အကျိုးအတွက် မျှော်ကိုးပြီး သက်ဆိုင်ရာဥပဒေတွေ ချမှတ်ပြဋ္ဌာန်းကြရတာပါပဲ။ ပါတီအစုအဖွဲ့တစ်ဖွဲ့အတွက် ရည်ရွယ်ပြဋ္ဌာန်းတာမျိုးမဟုတ်ဘဲ အားလုံးအတွက် တစ်ပြေးညီ ပြဋ္ဌာန်းရတာဖြစ်တဲ့ အတွက် သာတာနာတာ၊ ကြိုက်တာ မကြိုက်တာ အနည်းနဲ့အများ ရှိကောင်းရှိနိုင်ပါတယ်။ ဒါကို ကိုယ်ကမကြိုက်ရင်၊ ကိုယ့်လိုလားချက်နဲ့ မကိုက်ညီရင်တောင် ဥပဒေကို အပြစ်တင်ဖို့ မရှိပါဘူး။ ဖြစ်သင့်တာက ပါတီများအနေနဲ့ ပါတီစည်းရုံးရေးလုပ်ငန်းတွေကို သတ်မှတ်ထားတဲ့ ဥပဒေတွေနဲ့အညီ ဆောင်ရွက်ကြဖို့ပါပဲ။ ဒီလိုလိုက်နာဆောင်ရွက်ခြင်း မရှိလို့ ပါတီဝင်တွေထဲက တိုင်ကြားမှုတွေရှိလာရင် ကော်မရှင်ကဝင်ပြီး စုံစမ်းစစ်ဆေးကြီးကြပ် ညွှန်ကြားတာကို နာခံကြရမှာပါပဲ။ ဥပဒေကို ဆန့်ကျင်ဖို့မစဉ်းစားဘဲ လိုက်နာဖို့စဉ်းစားရင် ဥပဒေရဲ့ထောက်ကူမှုကို ရယူနိုင်ပါလိမ့်မယ်။

စာမျက်နှာ ၆ မှ

ရှေ့လာမယ့် ရွေးကောက်ပွဲကို အောင်မြင်စွာ ဖော်ဆောင်နိုင်ဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအသစ်ကို ပြဋ္ဌာန်းလိုက်ပြီဖြစ်တဲ့အတွက် ယခင်ကရှိနေတဲ့ ရွေးကောက်ပွဲကော်မရှင် ဥပဒေအဟောင်းဟာ ဆက်လက်တည်မြဲနေဖို့ မလိုအပ်တော့ပါဘူး။ ဒါကြောင့်လည်း အဲဒီ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၁/၈၈ နဲ့ ပြဋ္ဌာန်းထားတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် ဥပဒေကို ရုပ်သိမ်းပယ်ဖျက်လိုက်ခြင်း ဖြစ်ပါတယ်။ အလားတူ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၁(က)မှာလည်း "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်၊ ၁၄/၈၉)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်"ဆိုပြီး ဥပဒေအဟောင်းကို နည်းလမ်းတကျ ရုပ်သိမ်းပယ်ဖျက်ခဲ့ပါတယ်။ ဒါကြောင့် ဥပဒေအဟောင်းတွေကို ဒီလိုရုပ်သိမ်းပယ်ဖျက်ခြင်းဟာ နိုင်ငံတော်အစိုးရအနေနဲ့ မလွဲမသွေဆောင်ရွက်ရမယ့် လုပ်ငန်းတစ်ရပ်ကို စနစ်တကျ စီမံဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။

ဆက်လက်ပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပါ အရေးကြီးတဲ့အချက်တွေကို ကောက်နုတ်တင်ပြလိုပါသေးတယ်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၄(င)မှာ ပါတီတည်ထောင်လိုသူများဟာ ထောင်ဒဏ်ကျခံနေရသူ မဖြစ်စေရဘူးဆိုပြီး ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင်ပုဒ်မ ၁၀(င)မှာလည်း ပါတီဝင်များစည်းရုံးရာမှာ ထောင်ဒဏ်ကျခံနေရသူမဖြစ်စေရဘူးလို့ ပြဋ္ဌာန်းထားပါတယ်။ အလားတူ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၀(က) အရလည်း ထောင်ဒဏ်ကျခံနေရသူများဟာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိပါဘူး။ ဒါကလည်း နိုင်ငံနဲ့ပြည်သူရဲ့ ရေရှည်အကျိုးစီးပွားအတွက်မျှော်ကိုးပြီးပြဋ္ဌာန်းခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးပါတီတွေဟာ နိုင်ငံနဲ့ပြည်သူရဲ့အကျိုးကို သယ်ပိုးထမ်းဆောင်ဖို့ သန္နိဋ္ဌာန်ချပြီး ဖွဲ့စည်းကြတဲ့ အဖွဲ့အစည်းတွေဖြစ်သလို လွှတ်တော်တွေဟာလည်း နိုင်ငံတော်နဲ့သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေကို ဦးဆောင်ဦးရွက်ပြုသွားကြမယ့် အမြင့်ဆုံးအဖွဲ့အစည်းတွေဖြစ်တဲ့အတွက် အဲဒီလို အဖွဲ့အစည်းတွေမှာ အများပြည်သူ ကြည်ညိုလေးစားခံရသူတွေ၊ လူကောင်းလူတော်တွေ၊ သိက္ခာသမာဓိရှိသူတွေနဲ့ ဖွဲ့စည်းမှသာ အရာရာအတွက် အကောင်းဆုံးဖြစ်မှာပါ။ အဲဒီအစား ထောင်ဒဏ်ကျခံရသူတွေ၊ အကျင့်ပျက်တွေ၊ မသမာသူတွေ ပါဝင်လာမယ်ဆိုရင် ဆွမ်းဆန်ထဲကြွက်ချေးရောသလို ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်သွားနိုင်တယ်ဆိုတာ ဆင်ခြင်တွက်ဆနိုင်ဖို့ အရေးကြီးပါတယ်။

ဒါကြောင့်လည်း နိုင်ငံတကာ အခြေခံဥပဒေတွေနဲ့ ရွေးကောက်ပွဲဆိုင်ရာဥပဒေပြဋ္ဌာန်းချက်တွေမှာ အဲဒီလို ပါတီနဲ့ လွှတ်တော်အဖွဲ့အစည်းတွေမှာ အကျင့်ပျက်သူတွေ၊ နိုင်ငံတော်ကိုနှောင့်ယှက်မယ့်သူတွေ၊ တိုင်းတစ်ပါးသြဇာခံတွေ၊ ထောင်ဒဏ်ကျခံဆဲ၊ ကျခံပြီးသူတွေကို ပါဝင်ခွင့် ကန့်သတ်ပြဋ္ဌာန်းလေ့ရှိကြတာ လေ့လာတွေ့ရှိနိုင်ပါတယ်။ အချို့နိုင်ငံတွေမှာဆိုရင် ထောင်ဒဏ်က လွတ်မြောက်ပြီး နောက်ထပ် ငါးနှစ် ခြောက်နှစ် သတ်မှတ်ကာလတစ်ခုအထိ ကန့်သတ်ထားတာကိုတောင် တွေ့နိုင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွေမှာ ထောင်ဒဏ်ကျခံသူတွေနဲ့ပတ်သက်ပြီး ကန့်သတ်ချက်ဟာ တရားမဲ့ တစ်ဖက်သတ် ပြဋ္ဌာန်းထားတာမျိုးမဟုတ်ဘဲ နိုင်ငံတကာစံနှုန်းနဲ့အညီ ဖြစ်တယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၃ မှာ "ကော်မရှင်သည် ပါတီများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်နိုင်သည်။ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အား ကော်မရှင်ကိုယ်စား ကြီးကြပ်ရန်တာဝန်ပေးအပ်နိုင်သည်"ဆိုပြီးပြဋ္ဌာန်းထားသလို ပုဒ်မ ၂၄(ခ)မှာလည်း "ပါတီတစ်ခု၏ ပါတီတွင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်ဦးဦးက ကော်မရှင်သို့ တင်ပြတိုင်ကြားလာပါက ကော်မရှင်သည် စုံစမ်းစစ်ဆေး၍ လိုအပ်လျှင် နိုင်ငံတော်၏ အကျိုးငှာ ထိုပါတီအား လိုက်နာဆောင်ရွက်ရမည့်အချက်များကို အချိန်ကာလသတ်မှတ်၍ ညွှန်ကြားနိုင်သည်"ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ ဒါကလည်း နိုင်ငံရေးပါတီတစ်ခုရဲ့ လုပ်ပိုင်ခွင့်တွေကို ကော်မရှင်က လွန်ကဲစွာ ဝင်ရောက်စွက်ဖက်နေတာမျိုးမဟုတ်ဘဲ နိုင်ငံတကာ ဥပဒေစံနှုန်းများနဲ့အညီသာ ချမှတ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။

နိုင်ငံတိုင်းရဲ့ ရွေးကောက်ပွဲဆိုင်ရာဥပဒေတိုင်းမှာ အကျိုးသင့် အကြောင်းသင့် ကန့်သတ်ရတာ၊ ကြီးကြပ်ရတာ၊ ညွှန်ကြားရတာတွေ ရှိနေတာပါပဲ။ သက်ဆိုင်ရာ အစိုးရတွေအနေနဲ့ နိုင်ငံနဲ့ ပြည်သူရေရှည်အကျိုးအတွက်မျှော်ကိုးပြီး သက်ဆိုင်ရာဥပဒေတွေ ချမှတ်ပြဋ္ဌာန်းကြရတာပါပဲ။ ပါတီအစုအဖွဲ့တစ်ဖွဲ့အတွက် ရည်ရွယ်ပြဋ္ဌာန်းတာမျိုးမဟုတ်ဘဲ အားလုံးအတွက် တစ်ပြေးညီ ပြဋ္ဌာန်းရတာဖြစ်တဲ့အတွက် သာတာနာတာ၊ ကြိုက်တာ မကြိုက်တာ အနည်းနဲ့အများ ရှိကောင်းရှိနိုင်ပါတယ်။ ဒါကို ကိုယ်ကမကြိုက်ရင်၊ ကိုယ့်လိုလားချက်နဲ့ မကိုက်ညီရင်တောင် ဥပဒေကို အပြစ်တင်ဖို့ မရှိပါဘူး။ ဖြစ်သင့်တာက ပါတီများ အနေနဲ့ ပါတီစည်းရုံးရေးလုပ်ငန်းတွေကို သတ်မှတ်ထားတဲ့ ဥပဒေတွေနဲ့အညီ ဆောင်ရွက်ကြဖို့ပါပဲ။ ဒီလိုလိုက်နာဆောင်ရွက်ခြင်းမရှိလို့ ပါတီဝင်တွေထဲက တိုင်ကြားမှုတွေရှိလာရင် ကော်မရှင်က ဝင်ပြီး စုံစမ်းစစ်ဆေးကြီးကြပ် ညွှန်ကြားတာကို နာခံကြရမှာပါပဲ။ ဥပဒေကို ဆန့်ကျင်ဖို့မစဉ်းစားဘဲ လိုက်နာဖို့ စဉ်းစားရင် ဥပဒေရဲ့ထောက်ကူမှုကို ရယူနိုင်ပါလိမ့်မယ်။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ အရေးကြီးတဲ့ အချက်တွေနဲ့စပ်လျဉ်းပြီး ဆွေးနွေးပါ့မယ်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁(ဃ)မှာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ခွင့် မရှိဘူးလို့ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေအတွက်လည်း အလားတူပဲ ဖြစ်ပါတယ်။ လေ့လာမိသလောက် ဒါကလည်း နိုင်ငံတကာ ဥပဒေစံနှုန်းများအတိုင်းသာဖြစ်ပြီး နိုင်ငံအများစုရဲ့ ရွေးကောက်ပွဲဥပဒေတွေမှာ ထောင်ဒဏ်ကျခံရသူကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ခွင့်ပေးမထားတာကို တွေ့ရှိနိုင်ပါတယ်။

ဗြိတိန်နိုင်ငံရဲ့ ၁၉၈၁ ခုနှစ် ပြည်သူများကို ကိုယ်စားပြုခြင်းအက်ဥပဒေ (The Representation of the People Act, 1981)အရ ဗြိတိန်နိုင်ငံတွင်းမှာဖြစ်စေ၊ အခြားတစ်နေရာရာမှာဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ် သို့မဟုတ် ထိန်းသိမ်းထားရန် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူတွေဟာ အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံပိုင်ခွင့်မရှိသလို ရွေးချယ်ခံထားရပြီးဖြစ်ရင်လည်း အရည်အချင်းပျက်ယွင်းပြီး အဲဒီကိုယ်စားလှယ်နေရာကို လစ်လပ်သွားစေရမယ်လို့ ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။ အလားတူ အိန္ဒိယနိုင်ငံရဲ့ ၁၉၅၁ ခုနှစ် ပြည်သူများအား ကိုယ်စားပြုခြင်းအက်ဥပဒေ (The Representation of the People Act, 1951) မှာလည်း ပြစ်မှုတစ်ခုခုအရ ပြစ်ဒဏ်စီရင်ခြင်းခံရသူတွေဟာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံဖို့ အရည်အချင်းပျက်ယွင်းကြောင်း၊ အချို့သောပြစ်မှုတွေကို ကျူးလွန်ခဲ့ရင် ငွေဒဏ်ချမှတ်ခံရပါက ချမှတ်ခံရတဲ့နေ့ကနေ ခြောက်နှစ်အထိလည်းကောင်း၊ ထောင်ဒဏ်ချမှတ်ခံရပါက ထောင်ဒဏ်လွတ်မြောက်တဲ့နေ့ကနေ ခြောက်နှစ်အထိလည်းကောင်း လွှတ်တော်အမတ်အဖြစ် အရွေးချယ်ခံခွင့်မပြုကြောင်း ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ အလားတူ ပါကစ္စတန်၊ ထိုင်းနဲ့ အင်ဒိုနီးရှားတို့မှာလည်း ထောင်ဒဏ်ကျခံရသူတွေဟာ ပါလီမန်အမတ်အဖြစ် ရွေးချယ်ခံဖို့ အရည်အချင်းပျက်ယွင်းကြောင်း ပြဋ္ဌာန်းထားတာ တွေ့နိုင်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

27-3 (07).pmd 1 3/27/2010, 2:19 AM

မူလထက် သာလွန်ကောင်းမွန်လာသော ရေဝတီတိုင်းအတွင်းရှိ မုန်

တပ်မတော်(ရေ)မှ တပ်မတော်သားများ ထောက်ပံ့ရေးပစ္စည်းများကို မုန်တိုင်းသင့်ဒေသသို့ ဤသို့ သယ်ယူပို့ဆောင်ပေးခဲ့ကြသည်။

ကူညီဖေးမ

တပ်မတော်(ကြည်း)မှ တပ်မတော်သားများ မုန်တိုင်းသင့်ဒေသများတွင် ပြည်သူများအား ဤသို့ ကူညီဖေးမခဲ့ကြသည်။

တပ်မတော် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များ မုန်တိုင်းဒဏ်ခံ ပြည်သူများအား ဤသို့ ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ကြသည်။

ရေဝတီတိုင်းအတွင်းရှိ မုန်တိုင်းသင့်ပြည်သူများအတွက် ဖြန့်ဝေပေးခဲ့သော လှေ၊ စက်နှင့် ငါးဖမ်းပိုက်များ။

မြို့တော်ခန်းမ

မူလထက်သာလွန်ကောင်းမွန်လာသော ဘိုကလေးမြို့၌ မြို့၏ ဥပမိရုပ်ကို ပို၍တင့်တယ်စေသည့် မြို့တော်ခန်းမသစ်ကြီးကို တွေ့ရစဉ်။

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု



ဆားကွင်းများ

ရေဝတီတိုင်းအတွင်း ဆားကွင်းများကို ဤသို့ ဖော်ထုတ်ပေးထားသည်။

မုန်တိုင်းဒဏ်ခံ အဆောက်အအုံ

ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ၌ တည်ဆောက်ပေးထားသော မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) ကို ဤသို့ တွေ့ရသည်။

...းအတွင်းရှိ မုန်တိုင်းသင့်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

ပွဲ့ရေး
ဆောင်

...ထမ်း
...ဏ်ခံ
...ချုန်းမာ
...ခဲ့ကြ

...တွင်းရှိ
...အတွက်
...စက်နှင့်

ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်

မုန်တိုင်းသင့်ဒေသအတွက် ရောက်ရှိလာသော ပြည်တွင်း၊ ပြည်ပမှ ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ တပ်မတော်သားများက ဤသို့ နေ့၊ ညမနား သယ်ယူပို့ဆောင်ပေးခဲ့ကြသည်။

မူလထက် သာလွန်ကောင်းမွန်လာသော မုန်တိုင်းသင့်ကျေးရွာရှိ အိမ်ရာများကို ဤသို့ တွေ့ရသည်။

...း

...အတွင်း
...ဤသို့
...ည်။

မူလထက် သာလွန်ကောင်းမွန်လာသော

ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းသင့်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	**လမ်းကွန်ရက်(၁၀)လမ်းဖောက်လုပ်ပေးနိုင်မှုအခြေအနေ**	၄၉၉/၇မိုင်
	- မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း ၄၃/၅မိုင်	
	- မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း ၆၉/၃မိုင်	
	- လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း ၃၅/၂မိုင်	
	- လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း ၃၉/၀မိုင်	
	- ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း ၄၁/၂မိုင်	
	- ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ၃၈/၅မိုင်	
	- ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်း ၅၁/၅မိုင်	
	- ကျုံကဒွန်း-စက်ဆန်းလမ်း ၁၉/၁မိုင်	
	- ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆/၀မိုင်	
	- ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြလမ်း ၆၆/၀မိုင်	
၂။	**ရေငန်တား တာတမံများ ပြုပြင်ပေးနိုင်မှုအခြေအနေ**	၃၄ ခု
	(က) လပွတ္တာခရိုင်၌ ပြုပြင်ပေးခဲ့သည့် ရေငန်တား တာတမံ(၁၄)ခု - အလယ်ကျွန်း(၁၊၂၊၃)၊ မကြီးပင်မဒေါ့ကန်၊ သဃ်န်းကြီး၊ လိပ်ကွင်း ဇင်ရွဲ၊ လပွတ္တာ(တောင်၊မြောက်)၊ ဘီတွဒ်အပိုင်း(၁၊၂၊၃၊၄)၊ ဦးဂေါင်းပု။	
	(ခ) ဖျာပုံခရိုင်၌ ပြုပြင်ပေးခဲ့သည့် ရေငန်တား တာတမံ(၂၀) - မြို့ကုန်း၊ ဒေါ်ငြိမ်း၊ ဒေးဒလူ၊ လက်ပံပင်၊ ဇင်းဘောင်၊ တမာကတော၊ ဆူးကလပ်၊ ကျုံဒုတ်၊ လှည်းဆိပ်၊ သံဒီ၊ မြစိမ်းကန်၊ ဒေါင့်ကြီး(အနောက်၊ အရှေ့၊ အထက်)၊ ကြက်ဖမွေးဖောင်း၊ ဘန့်ဘွေးစုကျွန်း၊ သုံးခွကျွန်း၊ မအူပင် (မြောက်၊တောင်)။	
၃။	**Cyclone Shelter များ ဆောက်လုပ်ပေးနိုင်မှုအခြေအနေ**	၃၄ လုံး
	(က) နိုင်ငံတော်မှ တည်ဆောက်ပေးခဲ့သည့် Cyclone Shelter (၁၉)လုံး - ပြင်ခရိုင်၊ ချောင်း၀၊ အုန်းချောင်း၊ ကွင်းကြီး၊ နလင်ကျော်၊ ဇင်ရွဲလေး၊ ပိုးလောင်း၊ စလူဆိပ်၊ ပြင်စလူ(၁)(၂)၊ သစ်ပုတ်၊ အမာ၊ ဒေါ်ငြိမ်း၊ အေရာ၊ ကဒုံကနီ၊ ဓမင်းဆိပ်၊ ကျုံဒါး၊ သောကြာ၊ တိုးရွာ။	
	(ခ) ပုဂ္ဂလိကမှ ဆောက်လုပ်လှူဒါန်းခဲ့သည့် Cyclone Shelter (၁၅)လုံး - အုတ်တွင်း၊ မကြီးချိုင်၊ သာယာချောင်း၊ သပြေငူ၊ စက်ဆိပ်၊ ဖိုးကုလားကုန်း၊ ပြည်သာယာ၊ အောင်ခိုင်/သောင်လေး၊ အောက်ပွွန်၀၊ ကြိမ်ချောင်းကြီး၊ တောင်သလဲ၊ ပဒဲကော၊ ပေချောင်း၊ သကြားဟင်းအိုး၊ အကယ်ချောင်း၀။	
၄။	**စာသင်ကျောင်းများ ဆောက်လုပ်ပေးမှုအခြေအနေ**	၂၂၂ ကျောင်း
	(က) **မော်လမြိုင်ကျွန်း** ထက် ၁၊ လယ် ၁၊ မူ ၄၀ - ၄၂	
	(ခ) **လပွတ္တာ** ထက် ၈၊ လယ် ၆၊ မူ ၁၁၄ - ၁၂၈	
	(ဂ) **ဒေးဒရဲ** ထက် ၁၊ လယ် ၁ - ၂	
	(ဃ) **ဘိုကလေး** ထက် ၁၊ လယ် ၂၊ မူ ၄၇ - ၅၀	
၅။	**တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်ပေးမှုအခြေအနေ**	၁၇၅၇၉ လုံး
	(က) ဘိုကလေးမြို့နယ် - ၇၀၁ လုံး	
	(ခ) ဒေးဒရဲမြို့နယ် - ၃၉၀ လုံး	
	(ဂ) လပွတ္တာမြို့နယ် - ၄၈၉၀ လုံး	
	(ဃ) ဟိုင်းကြီးမြို့နယ် - ၇၃၄ လုံး	
	(င) မော်လမြိုင်ကျွန်းမြို့နယ် - ၁၉၁၄ လုံး	
	(စ) ဖျာပုံမြို့နယ် - ၈၉၅၀ လုံး	
၆။	**သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားလုပ်ငန်းက ဆားလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် ဆားကွင်းများ ဖော်ထုတ်ပေးခဲ့သည့် အခြေအနေ (ဆားဖိုစုစုပေါင်း-၈၁၃ဖို)**	၁၀၇၇၁.၂၂ ဧက
	(က) လပွတ္တာမြို့နယ်၌ ဆားကွင်း - ၂၇၈၉၅ဒသမ ၈၂ဧက (ဆားဖို ၇၇၇ဖို) ဖော်ထုတ်ပေးခဲ့သည်။	
	(ခ) ဖျာပုံမြို့နယ်၌ ဆားကွင်း - ၂၈၇၅ဒသမ ၄၀ဧက (ဆားဖို ၃၆ဖို) ဖော်ထုတ်ပေးခဲ့သည်။	
၇။	**မြို့နယ်အလိုက် စက်တပ်လှေ ဖြန့်ဝေပေးမှု အခြေအနေ**	၉၅၆၉ စင်း
	(က) ငပုတော ၁၃၉၈ စင်း	
	(ခ) လပွတ္တာ ၄၉၅၁ စင်း	
	(ဂ) မော်လမြိုင်ကျွန်း ၆၇၇ စင်း	
	(ဃ) ဖျာပုံ ၃၈၈ စင်း	
	(င) ဘိုကလေး ၁၀၃၄ စင်း	
	(စ) ဒေးဒရဲ ၉၅၅ စင်း	
	(ဆ) ကျိုက်လတ် ၂၀ စင်း	
	(ဇ) မအူပင် ၁၄၆ စင်း	
၈။	**ကျားပိုက်များ ဖြန့်ဝေပေးမှု အခြေအနေ**	၉၇၀ ဖုံ
	(က) ငပုတော - ၁၀၂ ဖုံ	
	(ခ) လပွတ္တာ - ၅၀ ဖုံ	
	(ဂ) မော်လမြိုင်ကျွန်း - ၁၄၃ ဖုံ	
	(ဃ) ဖျာပုံ - ၁၈၇ ဖုံ	
	(င) ဘိုကလေး - ၃၀၉ ဖုံ	
	(စ) ဒေးဒရဲ - ၁၇၉ ဖုံ	
၉။	**ငါးသလောက်ပိုက်၊ ငါးပုတ်သင်ပိုက်၊ ဂေါ်ထိုးပိုက်၊ ကွင်းတားပိုက်၊ ကွန်၊ ဘဝင်းပိုက်၊ ငါးပုတ်ပိုက်နှင့် မျှင်ပိုက်များ ဖြန့်ဝေပေးမှု အခြေအနေ**	၂၃၆၂၉ ဖုံ

အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ (သထုံ) စက်များပြုပြင် မွမ်းမံခြင်းဆိုင်ရာ ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၂၆

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd. တို့၏ အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)ရှိ စက်များပြုပြင်မွမ်းမံခြင်းဆိုင်ရာ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက်၁၀နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်၌ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း တက်ရောက် အားပေးသည်။

တက်ရောက်

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ China CAMC Engineering Co., Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထုတ်လုပ်မည်

ယခုလက်မှတ်ရေးထိုးသည့်စာချုပ်အရ အမှတ်(၁) တာယာနှင့်ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(သထုံ)၌ တပ်ဆင်ထားသည့် စက်များကို အကြီးစားမွမ်းမံ ပြင်ဆင်ခြင်းနှင့် စက်ပစ္စည်းကိရိယာများ ထပ်မံဖြည့်ဆည်း တပ်ဆင်ခြင်းတို့ကို China CAMC Engineering Co., Ltd. မှ ခြောက်လအတွင်း ပြီးစီးစေရန် တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းပြီးစီးပါက အဆိုပါစက်ရုံမှ တစ်နှစ်လျှင် တာယာမျိုးစုံ အလုံး ၄၀၀၀၀၀ ထုတ်လုပ် သွားနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd. တို့၏ အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)ရှိ စက်များပြုပြင် မွမ်းမံခြင်းဆိုင်ရာ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲကို ကျင်းပစဉ်။

(သတင်းစဉ်)



၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ခင်းကျင်းမှု သတ်မှတ်ကာလ အချိန်ကိုက်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မတ် ၂၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် Total E & P Myanmar (TEPM) ၏ General Manager Mr. Nicolas Terraz နှင့် အဖွဲ့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မုတ္တမကမ်းလွန်ပင်လယ်ပြင်ရှိ ရတနာသဘာဝ ဓာတ်ငွေ့ထုတ်လုပ်ရေး Platform သို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိရာ ရှေးဦးစွာ Platform ပေါ်ရှိ အစည်းအဝေးခန်းမ၌ TEPM ကုမ္ပဏီမှ Head of Production ဦးသန်းဝင်းက ရတနာသဘာဝဓာတ်ငွေ့မြေ၏ ဓာတ်ငွေ့ထုတ်လုပ်ပို့လွှတ်နေမှု၊ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ တိုးမြှင့်သုံးစွဲရန်အတွက် လက်ရှိဆောင်ရွက်လျက်ရှိသော ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ခင်းကျင်းနေမှု၊ လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။ (အပေါ်ပုံ)

အလေးထားဆောင်ရွက်

ထို့နောက် ဝန်ကြီးက သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီး အောင်မြင်ရန်အတွက် ရာသီဥတုအခြေအနေပေါ်မူတည်ပြီး ၂၄နာရီ ပတ်လုံး ကြိုးပမ်းဆောင်ရွက်နေရသဖြင့် လုပ်ငန်းတစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်သွားကြရန်နှင့် Technically ရာနှုန်းပြည့် စေ့စပ်သေချာရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ရတနာသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး Platform ပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး ဝန်ထမ်းများကိုယ်စား TEPM မှ Field Manager ဦးစိုးသောင်းမြင့်နှင့် TNS မှ Mr. Joel တို့အား သစ်သီးခြင်း လက်ဆောင်များ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ရတနာသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး Platform ပေါ်တွင် ဆောင်ရွက်လျက်ရှိသော ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းနှင့် ချိတ်ဆက်ရန် Riser နှင့် Riser Guord များတပ်ဆင်ပြီး Expension Spool နှင့် Metering Skid များ တပ်ဆင်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်း ပံ့ပိုးပေးသည်။

ကြိုးပမ်းဆောင်ရွက်

ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ တိုးမြှင့်သုံးစွဲနိုင်ရန်အတွက် ဓာတ်ငွေ့ရယူမည့် ရတနာသဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးPlatform အပိုင်းနှင့် ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ ခင်းကျင်းမှု လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်ကိုက်အောင်မြင်စွာ ပြီးစီးရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးမြူရေးကန်များရှိ ငါးများသေဆုံးမှု ကာကွယ်တားဆီးရေး သတိပေးနှိုးဆော်ချက်

ရာသီဥတုပူပြင်း၍ အပူချိန်မြင့်မားသောကာလများတွင် ငါးမွေးမြူရေးကန်များ၌ ကန်ရေများ ခန်းခြောက်ကာ ရေနည်းပါးလာပြီး ရေအရည်အသွေးကျဆင်းကာ ငါးများ အစုအပြုံလိုက် သေဆုံးခြင်းများ ဖြစ်ပွားတတ်သည်။

ငါးသေဆုံးမှုဖြစ်ပွားပါက ကန်ပိုင်ရှင်များသာကမ ပြည်တွင်းစားသုံးမှု၊ ပြည်ပတင်ပို့မှုနှင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးမှုကိုပါ ထိခိုက်စေနိုင်သည်။

သို့ဖြစ်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမွေးမြူသူများအနေဖြင့် မွေးမြူရေးကန်များရှိ ငါးများသေဆုံးမှု ကာကွယ် တားဆီးရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်ကို ထုတ်ပြန်ကြေညာအပ်ပါသည်။

ကာကွယ်တားဆီးရေး

အောက်ဖော်ပြပါအချက်များကို ငါးမွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

(က) နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးဖြစ်ပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများဖြင့် ရေတွင်ပျော်ဝင် အောက်ဆီဂျင်(DO)မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။

(ခ) ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။

(ဂ) ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။

(ဃ) အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။

(င) ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း(၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်ထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်။)

(စ) ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါစေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ကျွေးရန်။

(ဆ) အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။

(ဇ) မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိရန်။

(ဈ) ကန်အခြေအနေနှင့် ကန်အရည်အသွေး ပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် ၆နာရီ၌ ပုံမှန်စစ်ဆေးရန်။

(ည) ငါးမွေးမြူရေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

မတ် ၂၆ရက်က (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)တွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော တပ်မတော်သားများနှင့် မိသားစုများအတွက် ဦးသန်းအုန်းနှင့် သားများကုမ္ပဏီက ငွေ ၁၃၃၇၂၂၉၁ကျပ် တန်ဖိုးရှိ ဆေးပစ္စည်းများနှင့် စာရေးကိရိယာများကို တပ်မှူး ဗိုလ်မှူးချုပ်တင်မောင်အေးထံ ပေးအပ်လှူဒါန်းစဉ်။

(တပ်မတော်ဆေးရုံကြီး)

ယခုအပတ်ထုတ် TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၆

TV Guide စာစောင် အတွဲ(၁)၊ အမှတ်(၃၈)ကို မတ် ၂၆ရက်(သောကြာနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်တွင် Channel V တွင် ကြည့်ရှုရမည့် Robbie Williams ၊ Green Day ၏ 21 Guns၊ MTV ရုပ်သံလိုင်းတွင် ကြည့်ကြရမည့် Jersey Shore ၊ All time top ten: Metal Band များ၊ MTV at the Movies အစီအစဉ်၌ ကြည့်ရမည့် Remember Me၊ Star Movies တွင် ကြည့်ကြရမည့် The Last Samurai, Grace is Gone, Phoebe in Wonderland ရုပ်ရှင်ကားများ၊ Cartoon Network တွင် ကြည့်ရမည့် Ben 10, My Gym Partner's a Monkey ကာတွန်းကားများ၊ Star World ၌ ကြည့်ရမည့် One Day at a Time ဇာတ်လမ်းတွဲ၊ ESPN နှင့် Star Sports ရုပ်သံလိုင်းများတွင် တိုက်ရိုက်ကြည့်ရမည့် ချယ်လ်ဆီး-ဗီလာ၊ လီဗာပူးလ်-ဆန်းဒါးလန်း၊ ဘော်လ်တန်-မန်ယူ၊ ဘာမင်ဂမ်-အာဆင်နယ်ပွဲများ၏ ပွဲကြိုသုံးသပ်ချက်များ၊ NBA Regular Season 2009/2010 ၊ ANZ Ladies Golf ပြိုင်ပွဲ၊ ဘောလုံးအားကစားကို Animation များဖြင့် တင်ဆက်ထားသည့် Supa Strikas အစီအစဉ်များ၊ Nat Geo WILD ရုပ်သံလိုင်းတွင် ကြည့်ရမည့် Divine Delinquents အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် မြန်မာစကားပြောဖြင့် ကြည့်ရမည့် Lords of the Animal၊ မြန်မာစာတန်းထိုး/စကားပြောများဖြင့် ကြည့်ရမည့် NGC ရုပ်သံလိုင်း၏ စိတ်ဝင်စားဖွယ်အစီအစဉ်များ၊ Multi Max ရုပ်သံလိုင်းတွင် တရုတ်နိုင်ငံ ယန်ဇီမြစ် ပတ်ဝန်းကျင်ဒေသအကြောင်း ကြည့်ရမည့် နဂါး၏နှလုံးသားအစီအစဉ်၊ ထိုင်းရိုးရာ လက်ဝှေ့အကြောင်း (Dhani Tackles the Globe) အစီအစဉ်ပြသမည့် Travel & Living ရုပ်သံလိုင်း၊ ၂၀၁၀ခုနှစ်မှာ ဘယ်လိုနေထိုင်သင့်သလဲ အစီအစဉ်များအား ကြည့်ရမည့် New Year, New You အစီအစဉ်၊ တစ်ကမ္ဘာလုံးက ဆိုင်ကယ်သမားများ အထူးစိတ်ဝင်စားသည့် Biker Build-off ၊ 5 Series, 5 Movies, 5 Series II, 5 Cartoon မှ အစီအစဉ်များ၊ Mandalay FM တွင် နားဆင်ရမည့် Memorial Songs အစီအစဉ်သစ်၊ နေပြည်တော် မြန်မာ့အသံ Audiorum Studio ကြီးတွင် သွားရောက်ရိုက်ကူးထားသည့် Fashion Music Festival အစီအစဉ်အကြောင်းများနှင့် ရုပ်သံလိုင်းအားလုံး၏ တစ်ပတ်စာအစီအစဉ်များ ပါဝင်သည်။

အိမ်တိုင်ရာရောက်

TV Guide စာစောင်ကို တစ်စောင်လျှင် ကျပ် ၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဖတ်ရှုနိုင်

မိမိနှင့်မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

ဘေးထွက်ဆိုးကျိုးလျော့နည်းဖို့ ဘိုင်အိုအော်ဂဲနစ် သုံးစွဲစို့

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၆

ကမ္ဘာ့နိုင်ငံများတွင် အော်ဂဲနစ်မြေသြဇာသုံးစွဲမှု ခေတ်စားလာသည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိခြင်း၊ အထွက်နှုန်းကောင်းခြင်း၊ မြေလွှာပျက်စီးမှုကို မထိခိုက်ခြင်းတို့ကြောင့် စိုက်ပျိုးရေးနယ်ပယ်တွင် ဘိုင်အိုအော်ဂဲနစ်မြေသြဇာသုံးစွဲမှုက ရှေ့တန်းရောက်လာခြင်းဖြစ်သည်။

"အထွက်နှုန်းတိုးတဲ့ အော်ဂဲနစ် မြေသြဇာပါပဲ"
မစ္စတာလီထယ်စွန်း။

ဟောပြောပွဲ

မြန်မာ့တောင်သူများအတွက် ဘိုင်အိုအော်ဂဲနစ်သုံးစွဲမှုများ စနစ်ကျစေရန်နှင့် ဆီမီလယ်(ကိုရီးယား) ရွက်ဖျန်း၊ ဘိုင်အိုအော်ဂဲနစ် မြေဆီအားတိုးဆေးနှင့်ပတ်သက်ပြီး တောင်သူများအား အသိပေးဟောပြောပွဲတစ်ရပ်ကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)၌ ကျင်းပခဲ့ရာ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။

ဟောပြောပွဲခန်းမတွင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)မှ တောင်သူများ၊ မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအုပ်စုမှ တောင်သူများဖြင့် ပြည့်လျှံလျက်ရှိသည်။ တောင်သူများအနေဖြင့် ဘိုင်အိုအော်ဂဲနစ်မြေသြဇာသုံးစွဲမှုအပေါ် မည်မျှစိတ်ဝင်စားကြောင်း၊ လက်တွေ့လုပ်ငန်းခွင်၌ အသုံးပြုရန် စိတ်ထက်သန်နေကြောင်းကို ခန်းမအတွင်း တောင်သူများ၏ မျက်နှာတွင် အတိုင်းသား ပေါ်လွင်နေသည်။

ဘိုင်အိုအော်ဂဲနစ် မြေသြဇာများအနက် ယခုပြောဆိုရှင်းပြသည်မှာ ဆီမီလယ် (ကိုရီးယား)ရွက်ဖျန်း၊ ဘိုင်အိုအော်ဂဲနစ် မြေဆီ အားတိုးဆေးအကြောင်းပင်ဖြစ်သည်။ ရှင်းပြသည်မှာ တောင်ကိုရီးယားနိုင်ငံမှ စိုက်ပျိုးရေးပညာရှင် လီထယ်စွန်းနှင့် နမ်ဆောင်ကုတို့ဖြစ်သည်။ ရှင်းပြမှုမှာ စိတ်ဝင်စားစရာကောင်းပြီး တောင်သူများကလည်း စိတ်အားထက်သန်စွာ မေးမြန်းကြသဖြင့် ဟောပြောပွဲမှာ စည်စည်ကားကားဖြစ်ခဲ့သည်။

ဆီမီလယ် ရွက်ဖျန်းမြေသြဇာသည် မူလအခြေခံအရင်းအမြစ်ဖြစ်သည့် နာနိုဇီဝဗေဒနည်းအရ ထုတ်လုပ်ထားခြင်းဖြစ်ပြီး မိုက်ခရိုအော်ဂဲနစ်ဇင်မ်၊ အမိုင်နိုအက်စစ် အမျိုးအစားပေါင်း ၂၀၊ နိုက်ထရိုဂျင်၊ ကယ်လ်ဆီယမ်နှင့် အခြားသတ္တုဓာတ်အမျိုးအစားပေါင်းများစွာ ပါဝင်ကြောင်း သိရသည်။

ကြီးထွား

ဆီမီလယ် မြေဆီအားတိုးဆေးအရည် ထုတ်လုပ်မှု သဘာဝအရင်းအမြစ်များသည် ဂေဟစနစ်နှင့်ဆိုင်သော သံသရာတွင် တည်ရှိကြသည်။ မြေဆီလွှာထဲတွင် သတ္တဝါများ သေဆုံးသောအခါ မြေဆွေးဖြစ်သွားသည်။ ယင်းသည် သဘာဝနည်းပြုပြင်ပြုလုပ်ထားသော မြေဆီလွှာမြေသြဇာဖြစ်ရာ အမြစ်များ၊ အပင်များ၊ အရွက်၊ အသီးများကို လျင်မြန်စွာကြီးထွားစေသည်။ မြေဆီလွှာအတွင်း အငန်ဓာတ်များမှုကိုလည်း ဖယ်ရှားနိုင်ပြီး မြေအမျိုးအစားမျိုးစုံတွင် အသုံးပြုနိုင်ကြောင်း မစ္စတာလီထယ်စွန်းက ရှင်းပြသည်။

"သဘာဝ ဘိုင်အိုအော်ဂဲနစ် မြေသြဇာတွေအသုံးပြုဖို့ ပြင်ဆင်နေပါတယ်"
ဦးကျော်သူရ။

ကာကွယ်ပေးနိုင်

ဆီမီလယ် ရွက်ဖျန်း၊ ဘိုင်အိုအော်ဂဲနစ် မြေဆီအားတိုးဆေးသည် မြေဆီလွှာတွင် ရှိရိုးရှိစွဲ ရေဖြင့် ရောစပ်ကာ ပက်ဖျန်း အသုံးပြုပါက အပင်များ ရေဓာတ်ဆုံးရှုံးမှုကိုလည်း ကာကွယ်နိုင်ပြီး ရေလွှမ်းမှုကိုလည်း အပင်များခံနိုင်ရည်ရှိသည့်အပြင် ရောဂါပိုးမွှားများကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ထို့နောက် ဟောပြောပွဲတက်ရောက်လာသည့် တောင်သူများအနက် မှော်ဘီမြို့နယ် စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)မှ တွဲဖက်အတွင်းရေးမှူး ဦးကျော်သူရက "ကျွန်တော်တို့ရဲ့စိုက်ပျိုးမြေတွေ မြေသြဇာပြည့်ဝနေဖို့ လိုအပ်သလို အပင်တွေ ပိုးမွှားအန္တရာယ်မှ ကင်းဝေးပြီး အောင်မြင် ကြီးထွားဖို့လည်း ကြိုးစားနေကြတာမို့ အော်ဂဲနစ်မြေသြဇာတွေ စမ်းသပ် သုံးကြည့်ဖို့ စီစဉ်နေပါတယ်"ဟု မြန်မာ့အလင်း သတင်းအဖွဲ့သို့ ရှင်းပြသည်။

ရှင်းပြ

တစ်ဖန် ဂဝံဆန်သောမြေ၊ အငန်ဓာတ်များသော မြေများတွင် အောင်မြင်နိုင်မှု ရှိမရှိ၊ ရှိရင်းစွဲ အသုံးပြုနေသော မြေသြဇာများအပေါ် ထပ်မံသုံးစွဲပါက အကျိုးပြုနိုင်မှု ရှိ မရှိနှင့်ပတ်သက်ပြီး တောင်သူများက စိတ်ဝင်စားစွာ မေးမြန်းကြရာ အကျိုးသက်ရောက်မှုရှိကြောင်း ၎င်းတို့က ပြောကြားသည်။ လက်တွေ့စမ်းသပ် အသုံးပြုပါက သိရှိနိုင်ကြောင်း ရှင်းပြသည်။

ဓာတုပစ္စည်းများပါဝင်သော မြေသြဇာကို သုံးစွဲမှုကြောင့် ဘေးထွက်ဆိုးကျိုးများရှိကြောင်း သိလာချိန်တွင် မြန်မာ တောင်သူများအနေဖြင့် ဘိုင်အိုအော်ဂဲနစ် မြေသြဇာများသုံးစွဲမှုအပေါ် စိတ်ဝင်စားမှုများလာနေပြီဖြစ်ကြောင်း သတင်းခရီးတစ်ထောက်အဖြစ် ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဆီမီလယ် သဘာဝရွက်ဖျန်း မြေသြဇာ အသုံးပြုထားသဖြင့် အောင်မြင်ဖြစ်ထွန်းနေသော ပြောင်းစိုက်ခင်းမှာ ဤသို့ သန်စွမ်းစွာဖြင့်….။

ဘိုင်အိုအော်ဂဲနစ် မြေသြဇာအသုံးပြုမှုနှင့်ပတ်သက်ပြီး ဟောပြောပွဲ တက်ရောက်လာသော မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအုပ်စုမှ တောင်သူများကလည်း ဤသို့ စိတ်ဝင်စားစွာ….။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မတ် ၂၆

အထက(၂)ကမာရွတ် မြတ်ဆရာပူဇော်ပွဲ

၁၉၈၅ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ အထက(၂)ကမာရွတ်၌ ပညာသင်ကြားပေးခဲ့သော အသက် ၄၅နှစ်အထက်နှင့် အငြိမ်းစား ဆရာ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်း တေဇခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီအရှေ့ဘက်မုခ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနမွေ့ရာ၌ ကျင်းပမည်ဖြစ်ပြီး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲလည်း ပါဝင်မည်ဖြစ်သဖြင့် ဖုန်း-၆၉၅၆၄၂ နှင့် ၆၉၅၉၇၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာပေလောက(၅) စာအုပ်အရောင်းပွဲ ခင်းကျင်းမည်

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း(အလယ်)ရှိ စာပေလောက(၅)စာအုပ်ဆိုင်၌ စိတ်ကူးသစ်နှင့် Quality စာအုပ်တိုက်များ၏ စာအုပ်ဈေးလျှော့ရောင်းချပွဲကို မတ် ၂၉ရက်မှ ဧပြီ ၄ရက်အထိ ခင်းကျင်းရောင်းချပေးမည်ဖြစ်ရာ စာချစ်သူများ လာရောက်လေ့လာဝယ်ယူနိုင်သည်။

ကာတွန်းစာအုပ်အရောင်းပွဲ ကျင်းပမည်

ကာတွန်းကို ချစ်မြတ်နိုးသော ကလေး၊ လူကြီး အရွယ်စုံအတွက် ကာတွန်းစာအုပ်များ တစ်နေရာတည်း၌ လွယ်ကူစွာ ဝယ်ယူနိုင်မည့် အင်းဝစာအုပ်တိုက် ကာတွန်းစာအုပ်အရောင်းပွဲတော်ကို မတ် ၂၈ရက်မှ ဧပြီ ၃ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ ပန်းဆိုးတန်း(အထက်) အမှတ် ၂၀၁/၃၀၁ (မြေညီထပ်)၌ ကျင်းပမည်ဖြစ်သည်။

ကော့မှူးအထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ကော့မှူးအထက၌ ၁၉၅၃ခုနှစ်မှ ၁၉၇၈ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများက ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲကို ဧပြီ ၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ပြည်တော်သာ အမက(ယခင်အထကကျောင်းဟောင်း)၌ ကျင်းပမည်ဖြစ်ပြီး ဖုန်း-၂၄၅၄၆၅ နှင့် ၂၆၄၀၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အထက(၁)ဒဂုံ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

၁၉၇၅ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ အထက(၁)ဒဂုံ၌ တာဝန်ထမ်းဆောင်ခဲ့ကြသော လုပ်သက်ရှစ်နှစ်နှင့်အထက် အသက်(၆၀)ပြည့် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဘူမိဗေဒအထူးပြု ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

၁၉၈၂-၁၉၈၃ခုနှစ် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၌ စတင်တက်ရောက်ခဲ့ကြသော ဘူမိဗေဒအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံရှိ ရွှေဘဲခန်းမ၌ မတ် ၂၈ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ကျင်းပမည်ဖြစ်သည်။

ရာပြည့်စာအုပ်ဆိုင် (အာရှပလာဇာ) စာအုပ်အရောင်းပွဲ

ရာပြည့်စာအုပ်ဆိုင်(အာရှပလာဇာ) တိုးချဲ့ဖွင့်လှစ်ခြင်း အထိမ်းအမှတ်ပွဲကို ဧပြီ ၂ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရာပြည့်နှင့် အခြားစာပေတိုက်ထုတ် စာအုပ်များကို အထူးဈေးနှုန်းဖြင့် ဧပြီ ၈ရက် (ကြာသပတေးနေ့)အထိ အဆိုပါဆိုင်၌ ရောင်းချပေးမည်ဖြစ်သည်။

ဟသ်ာတအသင်း နှစ်ပတ်လည် စည်းဝေးမည်

ဟသ်ာတအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၅လမ်း(အထက်) အမှတ် ၁၈၄-၁၈၆ရှိ အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

သတိပေးနှိုးဆော်ချက်

ဒုတိယအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအား ၂၀၁၀ခုနှစ် ဧပြီလ ၁ရက်နေ့မှ ၇ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ရန်ကုန်တိုင်းတွင် အဆိုပါကာလအတွင်း ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ထားရှိသဖြင့် ၎င်းရက်သတ္တပတ်ကာလအတွင်း ယာဉ်မတော်တဆမှုမဖြစ်ရေး မော်တော်ယာဉ်များအား ဂရုစိုက်မောင်းနှင်ကြရန်နှင့် ယာဉ်မတော်တဆမှုဖြစ်ပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ



(၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု မြိုင်သာ-သီတက္ကန်ကျောက်ချောလမ်းသစ်ဖွင့်

မိတ္ထီလာ မတ် ၂၆

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော မြိုင်သာ-သီတက္ကန်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ရက်က ကျင်းပသည်။ အခမ်းအနားသို့ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဧည့်သည်များ၊ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ခဲ့ကြပြီး အဆိုပါလမ်းသစ်ကို မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ(**အပေါ်ပုံ**)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

Kuala Lumpur Men & Ladies Amateur Open 2010 ဂေါက်သီးပြိုင်ပွဲနှင့် အကြိမ်(၂၀)မြောက် Singha Thailand Ladies Amateur Open 2010 ဂေါက်သီးပြိုင်ပွဲတို့၌ မြန်မာအမျိုးသမီး ဂေါက်သီးသမားများ ပထမဆုများဆွတ်ခူး

ရန်ကုန် မတ် ၂၆

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Bukit Jalil Golf and Country Club ၌ ဖေဖော်ဝါရီ ၂၄ရက်မှ ၂၆ရက်အထိ ကျင်းပသည့် Kuala Lumpur Men & Ladies Amateur Open 2010 ဂေါက်သီးပြိုင်ပွဲတွင် မြန်မာ့ လက်ရွေးစင် အမျိုးသမီး ဂေါက်သီးကစားသမားတစ်ဦး ဖြစ်သည့် ယဉ်မေမျိုးက တစ်ဦးချင်းအကျော ပေး ပွဲစဉ်တွင် သုံးရက်ပေါင်း ၁၉၉ချက် ရိုက်ကာ ပထမဆုရရှိခဲ့သည့်အပြင် တစ်ဦး ချင်း အကျောမဲ့ပွဲစဉ်တွင်လည်း သုံးရက် ပေါင်း ၂၂၆ချက် (၁၀ ချက်ပို)ဖြင့် အဆင့် (၄)နေရာကို ရရှိခဲ့သည်။

အသင်းလိုက်

ထို့အပြင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ The Royal Gems Golf & Sports Club ၌ မတ် ၁၆ရက်မှ ၁၈ရက်အထိ ကျင်းပသည့် အကြိမ်(၂၀)မြောက် Singha Thailand Ladies Amateur Open 2010 ဂေါက်သီးပြိုင်ပွဲတို့၌ အသင်းလိုက်(အကျောပေး)ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယဉ်မေမျိုးနှင့် မေလီတို့အတွဲက Champion ဆုကို ရရှိသည်။ **(အပေါ်ပုံ)**

ဆယ်ကျော်သက်တန်း

ယင်းပြိုင်ပွဲတွင် ဆယ်ကျော်သက်တန်း(Teenager Flight)တွင် ယဉ်မေမျိုးက နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၂ချက် (နှစ်ချက်လျော့)ဖြင့် ဒုတိယဆုကို လည်းကောင်း၊ Overall ပြိုင်ပွဲတွင် သုံးရက်ပေါင်း ရိုက်ချက် ၂၂၀ (လေးချက်ပို)ဖြင့် အဆင့် ၁၃ကိုလည်းကောင်း ရရှိခဲ့သည်။

(မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ရှမ်းပြည်နယ် မိုင်းဆတ်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၂၆

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုရန်ပုံငွေ ကျပ် ၆၅သိန်း၊ ဒေသခံပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၆၀ စုစုပေါင်း ကျပ် ၁၂၅သိန်းဖြင့် ဆောင်ရွက်ခဲ့သော မိုင်းဆတ်မြို့ မြို့သစ် ဝိန်နေ-ဝိန်ကောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦးထိပ်၌ ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးတင်ဝင်းမောင်နှင့် ရပ်မိရပ်ဖ ဦးပီတာအားမူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ (၁၁၃)

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျိုကဒတ်စံပြကျေးရွာ အောင်ဆန်းလမ်း ကတ္တရာလမ်းဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်နှင့် ကျိုကဒတ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးဌေးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

တပ်မတော်နေ့ ဂုဏ်ပြု လူသစ်တန်း စနူကာပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၆

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ဒိုင်းမွန်း ဘိလိယက်နှင့် စနူကာစင်တာ ဒိုင်းမွန်းကွန်ဒိုမီဒီယံ ပြည်လမ်း ကမာရွတ်မြို့နယ်တွင် လူသစ်တန်း စနူကာပြိုင်ပွဲကို ဧပြီ၂ရက်မှ ၉ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် ပြိုင်ပွဲဝင် လျှောက်လွှာပုံစံများကို ဓာတ်ပုံတစ်ပုံနှင့်အတူ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အောင်ဆန်းကွင်း ဖုန်း-၃၇၅၁၀၄နှင့် ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာ ဖုန်း-၅၀၁၃၈၀၊ လိုင်းခွဲ ၈၈၈သို့ မတ် ၃၁ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

ချီးမြှင့်မည်

ယင်းပြိုင်ပွဲတွင် ပထမဆု ကျပ် သုံးသိန်း၊ ဒုတိယဆု ကျပ် နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းနှင့် အမှတ်အများဆုံးဆုရရှိသူအား ကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်သည်။

(မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်)

မတ် ၁၈ရက်က သာပေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူပူးပေါင်း၍ ငွေးကုန်းချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်နှင့် အမှုဆောင်အရာရှိ ဦးဌေးလွင်တို့က ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းကျော်ခိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၂၆

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြားတောရလမ်း တရားရုံးချုပ်မဏ္ဍာရုံ၌ ကျင်းပမည်ဖြစ်ရာ ချောက်မြို့နယ်သူ မြို့နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(၁၁၃)**

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

ပေါက်မြို့၌ အိမ်တွင်းမှု သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၃)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၆ ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ ဒေသခံသင်တန်းသူ ၂၈ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းသို့ အသွားအပြန် ခရီးစရိတ်များ၊ နေထိုင်စားသောက်စရိတ်များနှင့် သင်တန်းသုံးပစ္စည်းများမှာ အခမဲ့ဖြစ်သည်။ ***(မြန်မာ့အလင်း)***

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်တိုင်း တရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁၆၈

မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) **နှင့်**	၁။ အမ်အိပ်ချ်အယ်လ်ဂျီ ထရေးဒင်းကုမ္ပဏီ
စက်မှုလက်မှုငွေချေးဌာန	၂။ အမ်အိပ်ချ်အယ်လ်ဂျီ ထရေးဒင်းကုမ္ပဏီ(၎င်း၏ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးဟိန်း)
(၎င်း၏ လက်ထောက်အထွေထွေမန်နေဂျာ)	၃။ အမ်အိပ်ချ်အယ်လ်ဂျီ ထရေးဒင်းကုမ္ပဏီ(၎င်း၏ ဒါရိုက်တာ ဒေါ်ခင်ချို)
ရန်ကုန်မြို့။	၄။ အမ်အိပ်ချ်အယ်လ်ဂျီ ထရေးဒင်းကုမ္ပဏီ(၎င်း၏ ဒါရိုက်တာ ဦးခင်မောင်ဌေး)
တရားနိုင်	**တရားရှုံးများ**

ရန်ကုန်တိုင်း တရားရုံး ၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၁၅၇၉တွင် ၂၀၀၆ ခုနှစ် ဇန်နဝါရီ၁၆ရက်စွဲပါ ဒီကရီကို အတည်ပြုရာတွင် တရားရှုံးပိုင် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၀ခုနှစ် ဧပြီ ၂၈ရက် နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲ ဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိက တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

ပစ္စည်းစာရင်း

(၁) ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ဇုန်(၁)ရှိ၊ မြေကွက်အမှတ်-၁၀၇(က)၊ ၁၀၈(က)၊ ၁၀၉(က) မြေဧရိယာ ၁ဒသမ၀၉၇ ဧကရှိ နှစ်၆၀စက်မှုမြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံး
ကြမ်းခင်းဈေး ကျပ်၁၀၃၉၀၀၀၀၀၀

(၂) ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် -ဇုန်(၁)ရှိ မြေကွက်အမှတ်-၁၀၇(ခ)၊ ၁၀၈(ခ)၊ ၁၀၉(ခ) မြေဧရိယာ ၂ ဒသမ ၄၄၀ဧကရှိ နှစ်၆၀စက်မှုမြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံး။
ကြမ်းခင်းဈေး ကျပ်၂၄၈၉၀၀၀၀၀၀

(၃) ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ဇုန်(၁)ရှိ မြေကွက်အမှတ်-၁၀၇(ဂ)၊ ၁၀၈(ဂ)၊ ၁၀၉(ဂ) မြေဧရိယာ ၂ဒသမ ၃၇၅ဧကရှိနှစ် (၆၀) စက်မှု မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံး။ **ကြမ်းခင်းဈေးကျပ်၂၂၃၉၀၀၀၀၀၀။**

ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာလည်း ရောင်းချမည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင် ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကိုရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၀ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်အောင်
တိုင်းတရားသူကြီး။



ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဂ/၇၅၀၃ Suzuki Wagon R+ S/W(4×2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်အယ်လ်ဒွဲရာ ၆/မအရ(နိုင်)၀၀၅၀၇၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (အနောက်ပိုင်းခရိုင်ရုံး)၊ ရန်ကုန်မြို့။

လုပ်ငန်းလုပ်ကိုင်လိုသူများနှင့် ကုမ္ပဏီဖွင့်လိုသူများအတွက် အမည်ပေါက် ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

ကျိုက္ကဆံလမ်းမကြီးပေါ်ရှိ ဈေးနှင့်လူစည်ကားရာနေရာရှိ ပေ (၄၀×၉၀) ကိုယ်ပိုင်လုံးချင်း၊ ရေ၊ မီးစုံ၊ ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။

ဖုန်း-၀၉-၅၁၂၂၉၈၃၊ ၀၉-၅၁၃၈၃၃၅၊ ၀၉-၅၁၄၇၆၅၉၊ ၀၉-၉၉၂၂၀၁၆။

ဆက်သွယ်ရန်

တာမွေ၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ဗဟန်း၊ ကမာရွတ်၊ စမ်းချောင်း၊ ဗိုလ်တထောင်၊ ရန်ကင်း၊ အလုံ၊ ဒဂုံနှင့် မြို့တွင်းခြောက်မြို့နယ်များရှိ အခန်းပေး၊ အခန်းယူစနစ်ဖြင့် ကန်ထရိုက်တိုက်ဆောက်လုပ်လိုသူ မြေရှင်များ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၁-၃၉၇၃၀၁၊ ၃၉၇၃၀၂၊ ၂၀၁၄၇၈၊ ၂၉၈၃၄၁၊ ၂၉၄၈၆၄။

မင်းလှမေ့ရိပ်သာကျောင်း သင်္ကြန်တရားစခန်းပွဲ

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း ဗဟန်းဈေးအနီး မင်းလှမေ့ရိပ်သာကျောင်း သင်္ကြန်တရားစခန်းပွဲကို ၁၁-၄-၂၀၁၀ရက်မှ ၂၁-၄-၂၀၁၀ရက်အထိ မဟာစည်ဆရာတော်ကြီး၏ ဩဝါဒနှင့်အညီ ကျင်းပပြုလုပ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဒုလ္လဘရဟန်းဝတ်လိုသောပုဂ္ဂိုလ်များ ရိပ်သာဖုန်း -၅၄၀၂၈၉သို့ ဆက်သွယ်၍ စာရင်းပေးနိုင်ပါသည်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်ပျဉ်းမနား အမှတ်၅/၃၃၊ရွှေချီ ရလမ်းနေ ဦးမြင့်သိန်း-ဒေါ်တင်တင်အောင်တို့၏သားဖြစ်သူ မောင်ဇော်ထက် ၉/ပမန(နိုင်) ၁၅၉၈၈၈သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်မယူပါ။

ဦးမြင့်သိန်း ၉/ပမန(နိုင်)၀၁၈၆၉၄
ဒေါ်တင်တင်အောင် ၉/ပမန(နိုင်)၀၁၈၆၉၅။

အမည်မှန်

အဖ ဦးညွန့်လွင်၏ သမီး အမက(၁)(ဗဟို)အင်းစိန် စတုတ္ထတန်း(ဃ)မှ မနွယ်နီခိုင်၏ အမည်မှန်မှာ မနွယ်နီအောင် ဖြစ်ပါသည်။

မနွယ်နီအောင်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မခိုင်ငြိမ်းသူ PP အမှတ် A ၀၂၉၉၈၄၏စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၉၇၈၂၄။

ရောင်းမည်

မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး၊ကာယရပ်ကွက်၊ (၇၅×၂၃၅)ပေ၊ ဂရန်အမည်ပေါက်။

ဖုန်း-၀၉-၈၀၂၂၆၉၉၊ ၆၆၀၅၈၆။

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးမင်းလွင်ပိုင် ၄က/၁၉၂၃၏ အခွန်ပုံစံ(၁) အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၀၁၇၆၆၂။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပမ/၁၁၀၇၆ Honda Dream C100 ms/ m/c ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်းမြင့် ၈/ခမန(နိုင်) ၀၈၈၄၈၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (တိုင်းဦးစီးမှူးရုံး) ပဲခူး။

မတ္တရာမြို့ အနော်ရထာလမ်း ကတ္တရာလမ်းသစ်ဖွင့်

မတ္တရာ မတ် ၂၀

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အနော်ရထာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက် မွန်းတည့် ၁၂နာရီက အဆိုပါမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်က ယင်းလမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်တို့(**အပေါ်ပုံ**)က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အနော်ရထာလမ်းသည် အရှည် ၂၄၇၅ပေ၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၁၆၆သိန်း အကုန်အကျခံ ဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်ကွက်ငါးရပ်ကွက်နေ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ သွားလာရေးအတွက် အဆင်ပြေချောမွေ့လာပြီဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ယင်လုံဆန်ခါဖြင့် ရောင်းချ

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ဈေးသည်များ ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ ရောင်းချမှုရှိ မရှိနှင့် အသား၊ ငါးရောင်းချလျက်ရှိသော ဈေးသည်များ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချမှုရှိ မရှိကို ကျန်းမာရေးမှူး(၂) ဦးတင်ဝင်းကျော်နှင့် ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ယုယုဇော်တို့ စစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာ၌ စာကြည့်တိုက်အဆောက်အအုံဖွင့်

လင်းခေး မတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာပြည်သူမှ ဆောက်လုပ်လှူဒါန်းသော ကျပ်သိန်း၅၀တန် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၆ရက် နံနက် ၇နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဆွေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီနှင့် ပုန်းထွန်ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းမင်းနိုင်(**အောက်ပုံ**)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် စာအုပ်လှူဒါန်းပွဲဆက်လက်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီက ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်မှူးကြီးတင်ဆွေက စာကြည့်တိုက်ငွေပဒေသာပင် ငွေကျပ် ၃၀၀၀၀ ပေးအပ်လှူဒါန်းပြီး ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက သုတ၊ ရသစာအုပ် ၁၀၀၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်က သုတ၊ ရသစာအုပ် ၅၀၊ ခရိုင်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်က စာအုပ်မျိုးစုံအုပ်၃၀၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ခရိုင်မှူးဦးတင်ဦးက စာအုပ်မျိုးစုံအုပ်၃၀၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးဌေးညွန့်က မဂ္ဂဇင်းမျိုးစုံ အစောင်၃၀နှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးမင်းသန့်က မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အစောင်၅၀တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမင်းနိုင်က လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု မန်စီမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်များဖွင့်

မန်စီ မတ် ၂၁

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဗန်းမော်ခရိုင် မန်စီမြို့နယ် မန်သာကျေးရွာတွင် ကျပ်သိန်း၂၀ကျော်တန် သမံတလင်းခင်း၊ အုတ်ညှပ်၊ သွပ်မိုးထားသည့် သုတအလင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၂ရက် မွန်းတည့် ၁၂နာရီက ယင်းစာကြည့်တိုက်ရှေ့၌ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ရွှေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဦးစီးမှူး ဦးဇော်လင်းစိန်၊ စခန်းမှူး ရဲအုပ်ကျေးဌေးတို့က အမှာစကားပြောကြားကြပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ရွှေက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့နယ်အသင်း အတွင်းရေးမှူး ဦးထွန်းကြိုင်က ၂၁လက်မရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် DTH နှစ်ပေစလောင်းဖမ်းစက်တစ်လုံး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ် ၇၅အုပ်၊ စေတနာရှင်ပြည်သူများက စာအုပ်၁၂၅အုပ်နှင့် ထာဝရငွေပဒေသာပင်အတွက် လှူဒါန်းငွေကျပ်၃၁၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးတင်အေးက လက်ခံယူသည်။

အလားတူပင် မန်စီမြို့နယ် ကုန်းတိမ်ကျေးရွာတွင် ငွေကျပ်၁၈သိန်းကျော်တန်သမံတလင်းခင်း၊ ထရံကာ၊ သွပ်မိုးထားသည့် မိုးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၂ရက် ညနေ ၃နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဒေါ်ဆူဇံ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနန်းဝေဖုန်းဆန်းနှင့် စခန်းမှူး ရဲအုပ်ကျေးဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း

(၆၅) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု



❖ တပ်မတော်သည် ဤမြေမှဖွား ပြည်သူ့သားမို့ အားထားယုံကြည်နိုင်ပါသည်

ရန်ကြီးအောင်၏ဆောင်းပါး
အထူးထုတ် စာ - ဃ၊ ခ၊ ဂ

❖ မြင့်မြတ်လှသော တပ်မတော်

မြင်းမူမောင်နိုင်မိုး၏ ကဗျာ
အထူးထုတ် စာ - ဂ

❖ တပ်မတော်အောင်ပွဲနေ့

သန်းထွန်းညို၏
ကဗျာ စာ-၄

❖ မူလထက် သာလွန်ကောင်းမွန်လာသော ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းသင့်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

စာ ၈-၉

တပ်မတော်နေ့ အထူးထုတ်အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် တပ်မတော်နေ့ ရောင်စုံအထူးထုတ် အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း ကမ္ဘာ့တစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

ဆန်ဖရန်စစ္စကို မတ် ၂၆

ပလတ်စတစ်ရေဘူး ၁၂၀၀၀ ဖြင့် ပြုလုပ်ထားသည့် ရွက်သင်္ဘောငယ်တစ်စင်းသည် ကမ္ဘာ့သမုဒ္ဒရာများအတွင်း ညစ်ညမ်းမှုများ ဖြစ်ပေါ်နေခြင်းကို သတိပေးနှိုးဆော်ရန် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့မှ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ မတ် ၂၀ ရက်က ထွက်ခွာသွားခဲ့သည်။

လိုက်ပါသွားကြ

အဆိုပါ ပလတ်စတစ် ရွက်သင်္ဘောငယ်ပေါ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ ဒေးဗစ်ဒီရော့ချိုင်းနှင့် အဖွဲ့ဝင်လေးဦးတို့ လိုက်ပါသွားကြသည်။

စွန့်စားသွားကြ

၎င်းတို့သည် သမုဒ္ဒရာများအတွင်း သုံးလကြာ စွန့်စားသွားလာကြမည်ဖြစ်သည်။ ယင်းခရီးစဉ်သည် ရေမိုင်အားဖြင့် မိုင် ၁၁၀၀၀ ခန့်ရှိမည်ဟု ဆိုသည်။ (အင်တာနက်)